# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၈၀)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘို ဂိုလာဂါမာအား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာ–သီရိလင်္ကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်တွင် ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာနှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

**လက်ခံတွေ့ဆုံ**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြား ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော် ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေး မှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြား ရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာမာရာဆီကာရာ လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

## တရုတ်တစ်နိုင်ငံတည်းမူဝါဒ မြန်မာနိုင်ငံ အစဉ်တစိုက်ကျင့်သုံး ထိုင်ဝမ်၏ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရန် ကြိုးပမ်းမှုမျိုးကို ဆန့်ကျင်

နေပြည်တော် ဇူလိုင် ၁၂

**ချန်ရှေ့ဗျန်းခေါင်းဆောင်သည့် ထိုင်ဝမ်အာဏာပိုင်များသည် "ထိုင်ဝမ်"ဟူသောအမည်ဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင်ခွင့်ရရှိရေး ပြည်သူ့ဆန္ဒခံယူမှုပြုလုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် "တရုတ်တစ်နိုင်ငံတည်း"မူဝါဒကို အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့ပြီး ထိုင်ဝမ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခွဲခြားမရသော အစိတ်အပိုင်းအဖြစ် ခံယူထားသည်။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထိုင်ဝမ်ဟူသောအမည်ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်ခွင့်ရရှိရန် ကြိုးပမ်းမှုအား ထိုင်ဝမ်ရေလက်ကြား ဆက်ဆံရေးတွင် တင်းမာမှုကိုဖြစ်စေပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသည်ဟု ရှုမြင်သည်။ သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထိုင်ဝမ်၏ ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်ရန် မည်သည့်ပုံစံဖြင့် ကြိုးပမ်းမှုမျိုးကိုမဆို ဆန့်ကျင်ပါကြောင်း ဖော်ပြအပ်ပါသည်။**

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

12-7 (01) 1 7/11/07, 2:00 PM

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၂ ရက်)

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကျန်းမာရေးအသိရှိရှိဖြင့် ပူးပေါင်းပါဝင်

သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်မှ စတင်ဖြစ်ပွားခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ထိုအချိန်မှစ၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို စီမံချက်ချ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်ကျ ရပ်ကွက်များအတွင်း ကွင်းဆင်းကာ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များနှင့်အတူ မြို့နယ်ခြောက်မြို့နယ်သို့ ကွင်းဆင်းကာ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။အလားတူ အပတ်စဉ် စနေနေ့တိုင်း မြို့နယ်များသို့ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်စေသည့် ခြင်သည် ရေကြည်ရေသန့်များထဲရှိ ပိုးလောက်လမ်းမှတစ်ဆင့် ပေါက်ဖွားလာခြင်းဖြစ်သည်။ ထို့ကြောင့် ခြင်များမပေါက်ပွားစေရန် အိုး၊ ခွက်များကို ရှင်းလင်းထားပြီး ရေဝပ်နိုင်သည့် ချိုင့်များကိုဖို့ထားရန် လိုအပ်သည်။ ရေအိုး၊ ရေကန်များကို ဖုံးအုပ်ထားရမည်ဖြစ်ပြီး မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ရှင်းလင်းကာ အိမ်တွင်းအိမ်ပြင် သန့်ရှင်းစွာထားရှိခြင်းတို့ကို အခါမလပ် ပြုလုပ်ပေးရမည် ဖြစ်သည်။ ထိုသို့ ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ခြင်းသာမက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပေါက်ပွားလာသော ခြင်များကို ဆေးဖျန်းနှိမ်နင်းခြင်းကိုလည်း ပြုလုပ်ပေးရမည် ဖြစ်သည်။

သို့ဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကျန်းမာရေးအသိရှိရှိဖြင့် ပူးပေါင်းပါဝင် လုပ်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိခင် ဒေါ်အေးရင်၊ ခင်ပွန်း ဦးကြင်ခင်တို့အားရည်စူး၍ ရန်ကုန်မြို့မင်္ဂလာဈေး၊ မြေညီထပ် စိန်တေဇာအထည်ဆိုင် ဒေါ်ခင်မြ၊ သမီး မကြင်အေး၊မကြင်ထွေး၊ မကြင်ရီမခင်ဝင်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ကျောင်း တော် ကြီး ပစ္စည်းလေးပါးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# နယ်မြေဒေသအသီးသီး ဘက်စုံ၊ကဏ္ဍစုံဖွံ့ဖြိုးရေး စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိ

## အသင်းဝင်များ ကျရာကဏ္ဍက ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်အတူ ဇူလိုင်၆ ရက် ညပိုင်းက မကွေးတိုင်း မကွေးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်းနှင့်သရက်ခရိုင်၊ မင်းဘူးခရိုင်၊ မကွေးခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။**

### ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဌေးနှင့် ခရိုင်အတွင်းရေးမှူးများက ခရိုင်အတွင်းရှိ မြို့နယ်များ၌ သင်တန်းများဖွင့်လှစ်မှု၊ သောက်သုံးရေ ရရှိရေးဆောင်ရွက်မှု၊ ကျောင်းနေနိုင်သည့်အရွယ် ကလေးငယ်များကျောင်းနေနိုင်ရေး ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိုင်ငံတော်က နယ်မြေဒေသအသီးသီး၌ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသင်းဝင်များအနေဖြင့် မိမိတို့နယ်မြေ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ကြရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ပူးပေါင်းဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မရမ်းကုန်း သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိနေ ဒေါက်တာတင်အောင် စိုက်ပျိုးရေး(ငြိမ်း)- ဆရာမ ဒေါ်စန်းစန်းထွေး အထက(၂)မရမ်းကုန်း(ငြိမ်း)၊သားသမီး၊ မြေးတစ်စုတို့က ငွေကျပ် သိန်း ၃၀ကို လှူဒါန်းရာ စေတီတော်ဂေါပက အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအေးကို၊ ဦးလှိုင်နှင့်ဦးအေးမြင့်တို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

### ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့်အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီ ရုပ်မြင်သံကြား

**၁၂-၇-၂၀၀၇**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၃၀ | ၈။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၃၅ | ၉။ | ရွှင်ကြည်ပြုံးစရာ တေးကဗျာ |
| ၅း၄၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆း၅၀ | ၁၄။ | လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | ကုန်သွယ်သုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမှန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၁၃) |

# ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အသုတ် ပင်မဓာတ်အားခွဲရုံ စစ်ဆေး စစ်ဆေးတိုင်းတာမှုများ စနစ်တကျပြုလုပ်ရန် မှာကြား

ရန်ကုန် ဇူလိုင် ၁၁

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၉ရက်က တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်-မုံရွာကားလမ်းမ မိုင်တိုင်၅၅မိုင် ၅ဖာလုံရှိ အသုတ် ကေဗွီ(၂၃၀)ပင်မ ဓာတ်အားခွဲရုံ** (အပေါ်ပုံ)**မှ ဧရာဝတီတိုင်းအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ခွဲပို့လွှတ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းခန်းမ၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်က အသုတ် ပင်မ ဓာတ်အားခွဲရုံသို့ ရန်ကုန်မြို့ လှိုင်သာယာဓာတ်အားခွဲရုံမှ ၂၀၀၇ခုနှစ် မေ ၅ရက်မှစ၍ ဓာတ်အားများပို့လွှတ်ခဲ့ပြီး အသုတ်ပင်မဓာတ်အားခွဲရုံမှ ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်မြို့နှင့် မုန်စက်ရုံသို့လည်းကောင်း၊ ရေကြည်ခွဲရုံနှင့် ဟသ်ာတ မြို့များသို့လည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများ၊ ပုသိမ်-မုံရွာကားလမ်းမ မိုင်တိုင် ၉မိုင် ၇ဖာလုံရှိ ကွင်းအမှတ်(၁၇၀-ခ)ခုံဇင်ကုန်းကျေးရွာအနီး၌ ကေဗွီ(၂၃၀)ဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာရွေးချယ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

**ဖြည့်စွက်ရှင်းလင်း**

ဆက်လက်၍ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ရန်ကုန်မြို့ လှိုင်သာယာပင်မဓာတ်အား ခွဲရုံမှ ဘုရင့်နောင်ခွဲရုံသို့ ဓာတ်အားလိုင်း ၂၃မိုင် အရှည်သွယ်တန်း ဓာတ်အားပေး နေမှုအခြေအနေများ၊ လှိုင်သာယာခွဲ ရုံမှ အသုတ် ပင်မဓာတ်အားခွဲရုံသို့ ဓာတ်အားလိုင်း ၇၃မိုင် သွယ်တန်းပြီး ၂၀၀၇ခုနှစ် မေ ၅ရက်မှစတင်၍ ဓာတ်အား ပို့လွှတ်နေမှု အခြေအနေ များ၊ အသုတ်ပင်မခွဲရုံမှ သာပေါင်းဓာတ် အားခွဲရုံသို့ Feederနှစ်ခုဖြင့် ဓာတ်အား ပို့လွှတ်နိုင်ရေး စီမံဆောင်ရွက်နေမှုများ၊ အသုတ်ပင်မခွဲရုံမှ ပုသိမ်-မုံရွာ ကား လမ်းမ မိုင်တိုင်အမှတ်(၉/၇)မိုင်အနီး ခုံဇင်ကုန်းရွာအနီး၌ ကေဗွီ ၂၃၀ဓာတ် အားခွဲရုံသစ်တည်ဆောက်ရန် မြေနေရာ ၃၇ဧက လျာထားသတ်မှတ်ဆောင်ရွက် ထားရှိမှုနှင့် ၎င်းခွဲရုံသစ်မှ ဓာတ်မြေ ဩဇာစက်ရုံနှင့် ငွေဆောင်၊ ငရုတ် ကောင်းခွဲရုံသို့ ဓာတ်အားပို့လွှတ် ဖြန့်ဝေ သွားမည့် အခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ် အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်တို့က လုပ်ကိုင်သွားမည့် အခြေအနေများကို ဖြည့်စွက် ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ အသုတ် ပင်မဓာတ် အားခွဲရုံခွဲရုံမှူး ဦးဝင်းအောင်ကဓာတ်အား ပို့လွှတ်ပေးနေမှု အခြေအနေများကို One Line Diregram ဖြင့်လည်း ကောင်း၊ ဓာတ်အား ရရှိလက်ခံမှု၊ ပို့လွှတ်ဖြန့်ခွဲမှုနှင့် ဓာတ်အားပျောက်ဆုံး ယူနစ်များအခြေအနေ၊ ပုသိမ်မြို့ မုန်စက်ရုံ၊ ရေကြည်ခွဲရုံနှင့် ဟသ်ာတမြို့ များသို့ နေ့၊ည ဓာတ်အားပို့လွှတ်ပေး နေမှုအခြေအနေ၊ ခွဲရုံဝန်ထမ်းဖွဲ့စည်းပုံနှင့် တာဝန်ခွဲဝေဆောင်ရွက်နေမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

**မှာကြား**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အသုတ် ပင်မဓာတ်အားခွဲရုံ Control Roomရှိ66KV Line Control and Protection Cubicle တွင် လှိုင် သာယာခွဲရုံမှ ဓာတ်အား Freqyency (50Hz) Voltage (220 volt) အဝင် လက်ခံရရှိမှု အခြေအနေများနှင့် 66KV Feeder လေးခုမှ ပုသိမ်မြို့သို့ (3.862 MW)၊မုန်စက်ရုံသို့ (5.075 MW)၊ ရေကြည်သို့ (2.286 MW)၊ ဟသ်ာတမြို့သို့ (3.462 MW) ပို့လွှတ် သုံးစွဲနေမှုများကိုလည်းကောင်း၊ Battery Roomရှိ Batteryများ၊ DC Charging Panel နှင့် DC Feeder Panel များကိုလည်းကောင်း ကြည့်ရှု စစ်ဆေးရာ ဝန်ကြီးက Battery Room ကို သန့်ရှင်းရေး စနစ်တကျ ပြုလုပ်သွားရန်နှင့် တစ်ပတ်တစ်ကြိမ် လိုအပ်သော စစ်ဆေးတိုင်းတာမှုများ စနစ်တကျ ပြုလုပ် ထိန်းသိမ်းသွားကြ ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

Switch Yard အတွင်းရှိ 230/ 66/ 11KV (100MVA) Main ထရန်စဖော်မာများ၊ လှိုင်သာယာ ဓာတ်အားခွဲရုံမှ ပို့လွှတ်သော 230KV ဓာတ်အားအဝင်လိုင်းများနှင့် 66KV Feeder ခြောက်ခုမှ ပုသိမ်မြို့သို့ပို့လွှတ် သည့် အမှတ်(၁)ဖီဒါ၊ မုန်စက်ရုံသို့ ပို့လွှတ်သည့် အမှတ်(၂)ဖီဒါ၊ ရေကြည် သို့ ပို့လွှတ်သည့်အမှတ်(၅)ဖီဒါနှင့် ဟသ်ာတမြို့သို့ ပို့လွှတ်သည့်အမှတ်(၆) ဖီဒါများနှင့် ဓာတ်အားပို့လွှတ် ဖြန့်ဝေ ပေးနေမှု အခြေအနေများ၊ သာပေါင်းသို့ ပို့လွှတ်မည့် အမှတ်(၃၊၄) ဖီဒါများ ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့် ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# KOICA က ကွန်ပျူတာများပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေ စာရင်းဦးစီးဌာန တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းအတွက် Korea International Co-operation Agency (KOICA)က ကွန်ပျူတာအလုံး ၂၀ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် KOICAဌာနေကိုယ်စားလှယ် Mr. Cho San Woo က ကွန်ပျူတာအလုံး ၂၀ကို ပေးအပ်ရာ သင်တန်း ကျောင်းအုပ်ကြီး ဦးသန်းက လက်ခံယူကြောင်း သိရသည်။ **(က-ပ)**

# စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး မစ္စတာမိုက်ကယ်စတန်းဘတ်ခ်သည် ဇူလိုင် ၉ရက် ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# ကျန်းမာရေးအသိရှိရှိဖြင့် မိမိရင်သွေးငယ်များ ဖျားနာလျှင် အချိန်မီ မြန်မြန်ဆန်ဆန်ဆေးရုံများသို့ လာရောက်ပြသနိုင်ရေး စည်းရုံးပညာပေး

နေပြည်တော် ဇူလိုင် ၁၁

**ဧရာဝတီတိုင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီက ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက် အမှာစကားပြောကြားသည်။**

အစည်းအဝေးတွင် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော် မြင့်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြော ကြားရာ၌ ယခုအချိန်အခါသည်ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတု ပြောင်းလဲလာ မှုများကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံများတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသေ ဆုံးမှု များပြားလာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် စာလျှင် ဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ဤကဲ့သို့ နည်းပါး ရခြင်းမှာလည်း မြန်မာနိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင် သည့် ဒေသအသီးသီးတွင် သက်ဆိုင် ရာ ဒေသအာဏာပိုင်များ၏ ကြီးကြပ် ကွပ်ကဲ ဦးဆောင်မှုဖြင့် ကျန်းမာရေး ဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဌာနများ ဖြစ်သည့် စည်ပင်သာယာရေး ဦးစီး ဌာန၊ ပညာရေးဝန်ကြီးဌာန စသည်တို့ နှင့်အတူ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများကပါ အသိရှိရှိဖြင့် ဝိုင်းဝန်း ဆောင်ရွက်နေကြ၍ ဖြစ်ကြောင်း၊ ဧရာဝတီတိုင်း အနေဖြင့်လည်း ယခင် အတွေ့အကြုံများအရ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ပိုမိုဖြစ်ပွား နိုင်ကြောင်း ကြိုတင်တွက်ချက်ရရှိသဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယခုနှစ် မတ်လမှပင်စ၍ စီမံချက်ချပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင်မှု၊ ဒေသအာဏာ ပိုင်များ၏ ကွပ်ကဲမှုဖြင့် တာဝန်ရှိသူ များက ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုနှစ်တွင် ယခင်နှစ်ထက် သွေးလွန် တုပ်ကွေးရောဂါ ဖြစ်ပွားမှု အနည်းငယ် များသည်ဆိုသော်လည်း များသင့် သလောက် မများခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဌာနမှ သွေးလွန်တုပ်ကွေး နှင့်စပ်လျဉ်းသည့် ကျန်းမာရေး အသိ ပညာပေးမှုများကြောင့် ပြည်သူလူထု အတွင်း ကျန်းမာရေး အသိပညာများ ရရှိလာသည့်အတွက် မိဘများမှ မိမိ ရင်သွေးငယ်များကို သွေးလွန်တုပ်ကွေး ရာသီ၌ ဖျားနာလျှင် ကြိုတင်သတိ ရှိရှိဖြင့် ဆေးရုံများသို့ စောစီးစွာ လာရောက် ပြသကုသမှု ခံယူမှုကြောင့် ဆေးရုံတက်ရောက်သည့် ကလေးလူနာ များ များပြားနေခြင်းဖြစ်ကြောင်း၊ ဆေးရုံ များသို့ တက်ရောက် ကုသမှုခံယူသည့် ကလေးလူနာများ၏ တစ်ဝက်ခန့်သာ လျှင် သွေးလွန်တုပ်ကွေးရောဂါဖြင့် တက်ရောက်သူများဖြစ်ပြီး၊ ကျန် တစ်ဝက်ခန့်မှာ အဆုတ်အအေးမိရောဂါ နှင့် ရာသီအလိုက်ဖြစ်ပွားတတ်သည့် အခြား ရောဂါများကြောင့် ဖြစ်ကြောင်း၊ ယခုအချိန်တွင် ဧရာဝတီတိုင်းအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ အသည်း ရောင်အသားဝါ ရောဂါများ စသည့် ကူးစက်ရောဂါများကို ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ကျန်းမာရေး ပညာပေးလုပ်ငန်းများနှင့် ရေကောင်း ရေသန့် ရရှိနိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေ လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီး ဌာနနှင့် ဧရာဝတီတိုင်းစည်ပင်သာယာ ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ဆောင်ရွက်နေသည့် ကာကွယ်နှိမ်နင်း ရေးလုပ်ငန်းများ၊ ဧရာဝတီတိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ဆောင်ရွက်နေသည့် ကာကွယ်နှိမ်နင်း ရေးလုပ်ငန်းများ၊ ပုသိမ်မြို့ အထွေ ထွေရောဂါကုဆေးရုံကြီးသို့တက်ရောက် ကုသခံယူသည့် သွေးလွန်တုပ်ကွေး ရောဂါလူနာများ အခြေအနေနှင့်ကုသမှု များကို ဆွေးနွေးတင်ပြကြသည်။

**လုံလောက်စွာပံ့ပိုးထား**

ယင်းနောက် တက်ရောက်လာကြ သူများက အကြံပြုဆွေးနွေးတင်ပြကြ ပြီး ဝန်ကြီးက တင်ပြဆွေးနွေးကြသည့် အချက်များအရ ပုသိမ်မြို့ အထွေထွေ ရောဂါကုဆေးရုံကြီးအနေဖြင့် လိုအပ် သည့် ဆေးနှင့် ဆေးပစ္စည်းများ လုံလောက်စွာရှိနေပြီးလူနာများအတွက် လိုအပ်သည့်သွေးများကိုလည်း အချိန်မီ ရရှိရန် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရ ကြောင်း၊ အခြားလူမှုရေးအသင်းအဖွဲ့ များနှင့် စေတနာရှင်များမှ လိုအပ်သည့် သွေးနှင့် အလှူငွေများကို လာရောက် လှူဒါန်းနေကြောင်း သိရှိရသဖြင့် ဝမ်းသာပီတိ ဖြစ်ရပါကြောင်း၊ ဆေးရုံ ကြီးအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကိုလည်း လုံလောက် စွာပံ့ပိုးထားပြီး ဖြစ်ကြောင်း၊ သွေးလွန် တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်း ရေးလုပ်ငန်းများကို ကျေးရွာများပါ မကျန် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းသည့် လုပ်ငန်းတွင် အဓိကကျသည့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများ ဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် စသည့် လုပ်ဆောင်မှု များကို မြို့နယ်လုံးကျွတ် ဆောင်ရွက် ရန် လိုအပ်ကြောင်း၊ သွေးလွန် တုပ်ကွေးရောဂါကြောင့် သေဆုံးမှု လျော့ကျစေရေးအတွက် ဆေးရုံများ သို့ အချိန်မီ ညွှန်းပို့သည့် စနစ်မျိုး ဖြစ်ထွန်းစေရေးနှင့် ပြည်သူလူထု မှာလည်း ကျန်းမာရေးအသိရှိရှိဖြင့် မိမိ ရင်သွေးငယ်များ ဖျားနာလျှင် အချိန်မီ မြန်မြန်ဆန်ဆန် ဆေးရုံများသို့ လာ ရောက်ပြသနိုင်ရေး စည်းရုံးပညာပေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများတွင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် အခြားနီးနွယ်ဌာနများ ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများ ပိုမိုလျော့ကျစေမည် ဖြစ်ကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

# အလေးထား ဂရုပြုသင့်သော ကူးစက်မဟုတ်သော ရောဂါများ (၂)

ကမ္ဘာပေါ်တွင် အရွယ်ရောက်သူများ၏ အဓိကကျသောရောဂါနှင့် သေဆုံးမှုဖြစ်သော ကူးစက်မဟုတ်သော ရောဂါများအား ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Millennium Development Goal)တွင် ထည့်သွင်းဖော်ပြထားခြင်း မရှိခဲ့ပါ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဤအချက်ကို သတိပြုမိကာ MDG-6 ရည်မှန်းချက် အမှတ်(၆) (HIV/AIDS)၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများအား တိုက်ဖျက်ရန်အတွက် ကူးစက်မဟုတ်သောရောဂါများ ကာကွယ် တိုက်ဖျက်ရေးကို ထည့်သွင်းနိုင်ကြောင်း ထောက်ပြထားပါသည်။

နာတာရှည် ကူးစက်မဟုတ်သော ရောဂါများ ကာကွယ်ခြင်းအားဖြင့် ဆင်းရဲမှုကို လျော့နည်းစေခြင်း ဖြစ်ပေါ်စေနိုင်သည့်အတွက် MDG-1 ရည်မှန်းချက် အမှတ်(၁)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာလည်း ရောက်ပါသည်။ ၎င်း MDG-1 ရည်မှန်းချက် အမှတ်(၁) တွင် ဆင်းရဲတွင်းနက်ခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းတို့အား အမြစ်ဖြတ်နိုင်အောင် ဆောင်ရွက်ရန် ဖော်ပြထားပါသည်။ သို့ဖြစ်၍ နိုင်ငံများသည် MDG ရည်မှန်းချက်များနှင့် ရည်ညွှန်းကိန်းများ သတ်မှတ်ရာတွင် နာတာရှည် ကူးစက်မဟုတ်သော ရောဂါများနှင့် ၎င်းရောဂါများကို ပိုမိုဖြစ်ပွားစေသော အကြောင်းအချက်များနှင့် ပတ်သက်၍ ပြန်လည် သုံးသပ်ပြုပြင် ထည့်သွင်းရန် လိုအပ်ပါမည်။

(၁) နာတာရှည် ကူးစက်မဟုတ်သောရောဂါများသည် ဝင်ငွေများသော နိုင်ငံများတွင်သာ အဓိကဖြစ်ပွားနေကြသည်ဟု နားလည်မှုလွဲနေကြပါသည်။

ကမ္ဘာ့ဘဏ်၏ ဝင်ငွေအလိုက် နိုင်ငံများကို သတ်မှတ်ထားချက်အရ နာတာရှည်ကူးစက်မဟုတ်သော ရောဂါများ ဖြစ်ပွားမှုတွင် ၂၀ ရာခိုင်နှုန်းသည် ဝင်ငွေများသောနိုင်ငံများ၌ ဖြစ်ပွားကာ ၈ ရာခိုင်နှုန်းသည် အလယ်အလတ်အထက် ဝင်ငွေရှိသော နိုင်ငံများတွင် ဖြစ်ပွားလျက် ရှိပါသည်။ သို့ရာတွင် ၎င်းရောဂါများ၏ ဖြစ်ပွားနှုန်း ၃၇ ရာခိုင်နှုန်းသည် အလယ်အလတ်အောက် ဝင်ငွေရှိသောနိုင်ငံများနှင့် ၃၅ ရာခိုင်နှုန်းသည် ဝင်ငွေနည်းသော နိုင်ငံများတွင် ဖြစ်ပွားလျက်ရှိပါသည်။ **(တစ်နည်းအားဖြင့် ကူးစက်မဟုတ်သော ရောဂါများသည် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင်သာ အများဆုံး ဖြစ်ပွားလျက်ရှိကြောင်း ညွှန်ပြနေပါသည်။)**

(၂) "ဝင်ငွေနည်းသော နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများသည် ကူးစက်ရောဂါများကို ကာကွယ်ထိန်းသိမ်းရေး မလုပ်ဆောင်မီ ကူးစက်ရောဂါများကို ဦးစွာကာကွယ်ထိန်းသိမ်းသင့်ကြပါသည်" ဟု နားလည်မှု လွဲနေကြပါသည်။

လူအများစုက ဝင်ငွေနည်းသော နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများသည် ကူးစက်မဟုတ်သော ရောဂါများ၏ ပြဿနာကို ကိုင်တွယ်မဖြေရှင်းမီ၊ ကူးစက်ရောဂါများကို ဦးစွာ ကာကွယ် ထိန်းချုပ်သင့်သည်ဟု ယူဆနေကြပါသည်။ အမှန်မှာ ဝင်ငွေနည်းသော နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများသည် ကူးစက်ရောဂါနှင့် ကူးစက်မဟုတ်သော ရောဂါများနှစ်ခုစလုံး၏ဒဏ်ကို တစ်ပြိုင်တည်း ခံစားနေကြရပါသည်။

(၃) လူအများတို့က ကူးစက်မဟုတ်သော ရောဂါများသည် လူချမ်းသာများတွင်သာ ဖြစ်ပွားနေကြသည်ဟု ထင်မှတ်မှားနေကြပါသည်။ အမှန်စင်စစ်၊ ကူးစက်မဟုတ်သော ရောဂါများသည် ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံများနှင့် ဆင်းရဲသောလူထုအတွင်း ပိုမိုဖြစ်ပွားနေကြပါသည်။ ဤရောဂါများကြောင့် ငွေကြေး ဝန်ထုပ်ဝန်ပိုးများ ဖြစ်စေကာ လူတစ်ဦးချင်းရော မိသားစုကိုပါ ပိုမို၍ဆင်းရဲတွင်းနက်စေပါသည်။

(၄) ကူးစက်မဟုတ်သောရောဂါများသည် အသက်အရွယ်ကြီးသူများတွင်သာ အဖြစ်များသည်ဟုလည်း ထင်မှတ်မှားနေကြပါသည်။ ဤကူးစက်မဟုတ်သော ရောဂါများကြောင့် အသက်၇၀ အောက်ရှိသူများတွင် အချိန်မတန်မီ သေဆုံးခြင်းများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ကူးစက်မဟုတ်သော ရောဂါများကြောင့် သေဆုံးမှုအားလုံး၏ လေးပုံတစ်ပုံသည် အသက် ၆၀ အောက်များ ဖြစ်ကြပါသည်။

(၅) ဤကူးစက်မဟုတ်သော ရောဂါများသည် အမျိုးသားများတွင်သာ အဓိကဖြစ်ပေါ်နေကြသည်ဟုလည်း ထင်မှတ်မှားနေကြပါသည်။ အမှန်တကယ်တွင်မူ အမျိုးသားရော အမျိုးသမီးများတွင်ပါ ဖြစ်ပေါ်နေပါသည်။

(၆) ဤကူးစက်မဟုတ်သော ရောဂါများသည် ကျန်းမာရေးနှင့်မညီညွတ်သော လူ့ဘဝနေထိုင်မှုပုံစံများကြောင့် ဖြစ်ပွားနေကြရကာ လူတစ်ဦးချင်းတွင် တာဝန်ရှိကြောင်း ထင်မှတ်မှားနေကြပါသည်။ လူတစ်ဦးချင်းအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူ့ဘဝနေထိုင်မှုဟန်အတိုင်း နေထိုင်နိုင်ရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော ရွေးချယ်နေထိုင်ပိုင်ခွင့်၊ တူညီသော အခွင့်အလမ်းများရကြမှသာလျှင် လူတစ်ဦးချင်း၏ တာဝန်များ ပိုမိုထင်ရှား ပေါ်လွင်လာမည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် ပတ်သက်သော ရွေးချယ်ခွင့် အခွင့်အလမ်းနည်းပါးသူ အထူးအုပ်စုများတွင် ကလေးသူငယ်များနှင့် နွမ်းပါးသည့်သူများ ပါဝင်ကြပါသည်။ ကလေးသူငယ်များအနေဖြင့် ၎င်းတို့နေထိုင်ရန် ပတ်ဝန်းကျင်နှင့် ပတ်သက်၍လည်းကောင်း၊ အစားအစာများနှင့်ပတ်သက်၍ လည်းကောင်း၊ ကိုယ်တိုင်ဆေးလိပ်မသောက်ဘဲ ပတ်ဝန်းကျင် လေထုထဲမှ ဆေးလိပ်အခိုးအငွေ့များ ရှူရှိုက်နေရခြင်းများနှင့် ပတ်သက်၍လည်းကောင်း တွေ့ကြုံ ခံစားနေကြရပါသည်။

(၇) ကူးစက်မဟုတ်သော ရောဂါများကို ကာကွယ်နိုင်ခြင်းမရှိဟုလည်း နားလည်မှု လွဲနေကြပါသည်။ အမှန်တကယ်တွင် ကူးစက်

ပါမောက္ခ ဒေါက်တာ တင့်ဆွေလတ်

မဟုတ်သော ရောဂါများကို ဖြစ်ပွားစေသည့် အဓိကအကြောင်းအချက်များကို သိနားလည်ပြီးဖြစ်ရာ ၎င်းအကြောင်းအချက်များကို ကာကွယ် ထိန်းသိမ်းနိုင်မှုတွင် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ဆီးချို သွေးချိုရောဂါတို့၏ ၈၀ ရာခိုင်နှုန်းကို လည်းကောင်း၊ ကင်ဆာရောဂါများ၏ ၄၀ ရာခိုင်နှုန်းကို လည်းကောင်း ကာကွယ်နိုင်ပါသည်။

(၈) ကူးစက်မဟုတ်သော ရောဂါများကို ကာကွယ်ထိန်းသိမ်းခြင်းသည် အကုန်အကျများလွန်းသည်ဟု ယူဆနေပါသည်။ အကယ်စင်စစ် ကူးစက်ရောဂါများ၊ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဘက်စုံလုပ်ဆောင်နိုင်ခဲ့လျှင် ရရှိမည့်အကျိုးကျေးဇူးနှင့် ကုန်ကျစရိတ်တို့ များစွာ တွက်ခြေကိုက်ကာ အကျိုးထူးမည်ဖြစ်ပါသည်။

ကူးစက်မဟုတ်သောရောဂါများနှင့်ပတ်သက်၍ မှန်သလိုနှင့်မှားနေသည့် အချက်များလည်း ရှိပါသေးသည်။

"ကျွန်တော်၏ အဘိုးသည် ဆေးလိပ်လည်း သောက်သည်။ ဝလည်း ဝသည့်တိုင်အောင် အသက် ၉၆နှစ်အထိ နေသွားခဲ့သည်" ဆိုသော မှန်တစ်ဝက်၊ မှားတစ်ဝက် ဆင်ခြေများလည်း ကြားရလေ့ ရှိပါသည်။ ယင်းသို့သော လူအများစုနှင့် မကိုက်ညီသော ခြွင်းချက်နှင့် လူအချို့ရှိနေနိုင်ပါသည်။ ကူးစက်မဟုတ်သော ရောဂါများနှင့်ပတ်သက်၍ ခြွင်းချက်နှင့် လူအုပ်စုနှစ်မျိုး နှစ်စားရှိနေနိုင်ပါသည်-

- နာတာရှည်ကူးစက်မဟုတ်သောရောဂါများ ပိုမိုဖြစ်စေနိုင်သော အကြောင်းအချက်များရှိလျက်နှင့် အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ကြသည့် လူများနှင့်
- နာတာရှည်ကူးစက်မဟုတ်သော ရောဂါများ ပိုမိုဖြစ်စေနိုင်သော အကြောင်းအချက်များ မရှိလင့်ကစား ကူးစက်မဟုတ်သော ရောဂါများနှင့် နောက်ဆက်တွဲရောဂါများ ခံစားကြရပြီး ငယ်ရွယ်စဉ်မှာပင် သေဆုံးကြရသူများဟူ၍ ရှိနိုင်ပါသည်။ သို့ရာတွင် ၎င်းခြွင်းချက်နှင့် လူအုပ်စုများသည် လူနည်းစုသာဖြစ်ပြီး ကူးစက်မဟုတ်သော ရောဂါရှိသူ လူအများစုတွင်မူ နာတာရှည် ကူးစက်မဟုတ်သောရောဂါများ ပိုမိုဖြစ်စေနိုင်သော အကြောင်းအချက်များ ရှိနေကြပြီး ယင်းအချက်များကို ဖယ်ရှင်းနိုင်ခြင်းဖြင့် နာတာရှည် ရောဂါများကို ကာကွယ်နိုင်ပါသည်။

ကူးစက်မဟုတ်သော ရောဂါများနှင့် ပတ်သက်သည့် အဓိက ပြဿနာများမှာ-

- နာတာရှည်ရောဂါများကြောင့် သေဆုံးခြင်း၏ ၈၀ရာခိုင်နှုန်းသည် ဝင်ငွေနည်းသော နိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်ရှိသော နိုင်ငံများတွင် အမျိုးသား အမျိုးသမီးမရွေး ဖြစ်ပွားလျက်ရှိခြင်း။
- နာတာရှည်ရောဂါများဖြစ်ပွားသောလူများ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများ ပိုမိုများပြားလာခြင်းဖြင့် ၎င်းနာတာရှည် ကူးစက်မဟုတ်သော ရောဂါများ၏ အန္တရာယ်သည် ပိုမိုများပြားလာနေခြင်း။
- နာတာရှည် ကူးစက်မဟုတ်သော ရောဂါများ၏ ခြိမ်းခြောက်မှုအန္တရာယ်သည် နိုင်ငံများ၏ တိုးတက်ဖွံ့ဖြိုးမှုကို နှောင့်နှေးစေသော ဆင်းရဲမှုကို ဖြစ်ပွားစေသည့် အကြောင်းဖြစ်ကြောင်း သတိမမူမိဘဲ လျှော့တွက်နေကြခြင်းတို့ ဖြစ်ကြပါသည်။

နာတာရှည်ကူးစက်မဟုတ်သောရောဂါများနှင့် ပတ်သက်သော ပြဿနာများအား ဖြေရှင်းရန်မှာ-

- ရှိနေပြီးသော အသိပညာများအရ ၎င်းနာတာရှည် ကူးစက်မဟုတ်သော ရောဂါများ၏ ခြိမ်းခြောက်နေမှု အန္တရာယ်ကို ကျော်လွှားနိုင်ပါသည်။
- ၎င်းနာတာရှည်ကူးစက်မဟုတ်သော ရောဂါများအတွက် ဖြေရှင်းချက်များမှာ အကျိုးသက်ရောက်မှုလည်းရှိကာ ကုန်ကျစရိတ်နှင့် ရရှိမည့် အကျိုးကျေးဇူးလည်း များစွာတွက်ခြေကိုက်ပါသည်။
- နိုင်ငံတော်အဆင့်တွင် နာတာရှည် ကူးစက်မဟုတ်သော ရောဂါများအား ကာကွယ်ထိန်းသိမ်းရေး လုပ်ဆောင်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဘက်ပေါင်းစုံမှ ညှိနှိုင်းပါဝင်အောင် လုပ်ဆောင်နိုင်ခဲ့လျှင် အောင်မြင်မှု ရနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တစ်ကမ္ဘာလုံးတွင် ကူးစက်မဟုတ်သောရောဂါများကြောင့် သေဆုံးမှုနှုန်းကို တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းဖြင့် လာမည့်ဆယ်စုနှစ်အတွင်း လျှော့ချရန် ရည်မှန်းထားပါသည်။ ဤရည်မှန်းချက် အကောင်အထည်ဖော်ခဲ့နိုင်ပါလျှင် ၂၀၁၅ ခုနှစ်တွင် အချိန်မတန်မီ သေဆုံးမည့်လူဦးရေ ၃၆သန်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါသည်။

**ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘိုးဘေးများ၏ အမွေများကို ခံယူလျက် အသက်ရှင် နေထိုင်ကြရလျက် ရှိပါသည်။ ကျွန်ုပ်တို့ လက်ထက်တွင် ဆုံးဖြတ်လုပ်ဆောင်ချက်များသည်လည်း နောင်လာနောက်သားများအတွက် အမွေအနှစ်အဖြစ် ကျန်ရစ်ခဲ့မည်သာ ဖြစ်ပါသည်။ ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို အဓိက ခြိမ်းခြောက်နေသော နာတာရှည် ကူးစက်မဟုတ်သော ရောဂါများနှင့်ပတ်သက်၍ လက်ရှိအတိုင်း ဆက်လက်နေထိုင်သွားကြမည်လား၊ သို့မဟုတ် ၎င်းရောဂါများနှင့်ပတ်သက်၍ လက်ရှိကြုံတွေ့နေရသော ခြိမ်းခြောက်မှုများကို ယခုမှစ၍ တုံ့ပြန်အရေးယူဆောင်ရွက်ကြမည်လားဟူသော ရွေးချယ်စရာ လမ်းနှစ်သွယ်၏ လမ်းဆုံ၊ လမ်းခွတွင် ရောက်ရှိနေပြီ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။** ။

**ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို အဓိက ခြိမ်းခြောက်နေသော နာတာရှည် ကူးစက်မဟုတ်သော ရောဂါများနှင့်ပတ်သက်၍ လက်ရှိအတိုင်း ဆက်လက်နေထိုင် သွားကြမည်လား၊ သို့မဟုတ် ၎င်းရောဂါများနှင့် ပတ်သက်၍ လက်ရှိကြုံတွေ့ နေရသော ခြိမ်းခြောက်မှုများကို ယခုမှစ၍ တုံ့ပြန်အရေးယူဆောင်ရွက်ကြမည်လား ဟူသော ရွေးချယ်စရာ လမ်းနှစ်သွယ်၏ လမ်းဆုံ၊ လမ်းခွတွင် ရောက်ရှိနေပြီ။**

12-7-07 (04).pmd 1 7/12/2007, 3:01 AM

# ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

**ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး၏ ဇနီး ဒေါ်ခင်သောင်း၊ တိုင်းဦးစီး (ဗိုလ်မှူးကြီး)၏ ဇနီး ဒေါ်မေလိယုနှင့် ဦးစီးအရာရှိများ၏ ဇနီးများ၊ ရောဝတီတိုင်း အမျိုးသမီးရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ ပုသိမ်တက္ကသိုလ်နှင့် ပညာရေးကောလိပ်မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်ဆရာမများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်**(အပေါ်ပုံ)**က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက် ရည်မှန်းချက်များ၊ အမျိုးသမီးထုဘဝ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်း ဆောင်ရွက်ပေးနေမှု၊ ချမှတ်ထားသော ရှေ့လုပ်စဉ်များနှင့် အခြေခံမှုများ ရှင်းလင်းပြောကြားသည်။

## ဆုချီးမြှင့်

ထို့နောက် ထူးချွန်ဆုရအမျိုးသမီးများအား ဆုပေးပွဲကို ကျင်းပရာ ဒုတိယ တိုင်းမှူး၏ ဇနီး ဒေါ်ခင်သောင်းက ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် အထူးဆုရ ပုသိမ်တက္ကသိုလ်မှမြန်မာစာကထိက ဒေါက်တာနွယ်နွယ်စိုး၊ ၂၀၀၆ ခုနှစ် နိုင်ငံတော်က ချီးမြှင့်သော သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ပန်းတနော် မြို့နယ်မှ ဒေါ်ညွန့်ညွန့်ဝင်း၊ ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မယ်မြန်မာပြိုင်ပွဲတွင် မယ်မြန်မာဆုရရှိသော ကျောင်းကုန်းမြို့နယ်မှ မအေးမြမြဝင်း၊ မီးသတ် ထူးချွန်ဆုရရှိသော မော်လမြိုင်ကျွန်း မြို့နယ်မှ တပ်သားမစုစုလှိုင်၊ထူးချွန်ကြက်ခြေနီ စွမ်းဆောင်ရှင်ဆုရ အိမ်မဲမြို့နယ်မှ တပ်စုမှူး မဆုဝေလွင်၊ ကမ္ဘာ့ဆရာများနေ့ ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရ ပုသိမ်တက္ကသိုလ် မြန်မာစာကထိက ဒေါက်တာနွယ်နွယ်စိုး၊ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ကြသည်။

ယင်းနောက် တိုင်းဦးစီး (ဗိုလ်မှူးကြီး)၏ဇနီး ဒေါ်မေလိယုက တိုင်းအဆင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ရီရီအောင်က ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူများကို လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြမြလွင်က ပြည်နယ်၊ တိုင်းအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အသက် ၁၈ နှစ်အောက်အမျိုးသမီးဘော်လီဘောအသင်း၊ ပိုက်ကျော်ခြင်းအသင်း၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ဂျူဒို၊ဝူရှူး၊ ပြေးခုန်ပစ်အားကစားသမားများကိုလည်းကောင်း ဆုများပေးအပ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

**ဇွန် ၃၀ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်တွင် အလှူရှင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲနှင့် သက်ကြီးရွယ်အိုများကျန်းမာရေးစောင့်ရှောက်ပွဲ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ကျောင်းသူ၊ ကျောင်းသားများအား ထောက်ပံ့ငွေနှင့် ကျောင်းသုံး စာအုပ်များ ပေးအပ်စဉ်။** (က-ပ)

# ပုသိမ်အသင်း ( ရန်ကုန် ) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၁၁**

ပုသိမ်အသင်း(ရန်ကုန်)၏ ပုသိမ်ခရိုင်အတွင်းမှ ရန်ကုန်မြို့တွင် သီတင်းသုံးကျောင်းထိုင်တော်မူလျက် ဝါဆိုတော်မူကြသော သံဃာတော် ၂၇ ပါးတို့အား (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၅ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင်ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃)စီ တည်ရှိရာ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြည်ညို ကုသိုလ်ယူကြရန် နှိုးဆော်ထားသည်။

## ဆက်သွယ်လှူဒါန်း

အလှူရှင်များ ပါဝင်လှူဒါန်းလိုပါက ပုသိမ်အသင်း ဥက္ကဋ္ဌ ဦးစိုးဟန်လင်းဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀-၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉-၈၀-၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁-၅၀၁၀၀၊ ပုသိမ်အသင်း (ရန်ကုန်)ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ရွှေမြင့်မိုရ် ဆရာတော် မိုးကုတ်ဓမ္မသဘင်

**ရန်ကုန် ဇူလိုင် ၁၁**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတရေဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့ နယ် ၅ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇူလိုင် ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ ယောဂီများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဖြစ်စေ ဇူလိုင် ၁၅ ရက် နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

# စာပေနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ရမည်းသင်း၌ကျင်းပမည်

ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရမည်းသင်းမြို့နယ် ကတင်ရွာ သောဘိတာရာမ မဟာဗောဓိကုန်း စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘိတ၏ ဦးဆောင်မှုဖြင့် စာပေနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၄ ရက်တွင် ဗုဒ္ဓရောင်ခြည် စာကြည့်တိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားစာပေဆုရ စာရေးဆရာ လယ်တွင်းသား စောချစ်၊ အမျိုးသားစာပေဆုရ စာရေးဆရာမ မိချမ်းဝေနှင့် ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့က ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# တာချီလိတ်မြို့ ရေစီးရေလာကောင်းမွန်ရေး ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတား တည်ဆောက်

တာချီလိတ်မြို့ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဝမ်ကောင်းရပ်ကွက်ကချင်ရွာ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားကို ရပ်မိရပ်ဖနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်ကိုလတ်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

# မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဆင်းပွဲ မရမ်းကုန်း၌ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၁**

မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မိသားစု ဝင်ငွေတိုးလုပ်ငန်း ဖြစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ပေးအပ်

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ရပ်ကွက် အသီးသီးမှ သင်တန်းသူများ တက်ရောက်ကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမာက အမှာစကား ပြောကြားကာ သင်တန်းနည်းပြနှင့် သင်တန်းသူများအား သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)(က-ပ)**

# မြင်းကကုန်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြန်လည်ဖွဲ့စည်း

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဘိုကလေး မြင်းကကုန်း နယ်မြေ(၁)၊ နယ်မြေ(၂)၊ နယ်မြေ(၃)နှင့် ကျေးရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြင်းကကုန်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဇွန် ၂၆ ရက်က အသစ်ပြန်လည် ဖွဲ့စည်းပွဲအခမ်းအနားကျင်းပသည်။ အစည်းအဝေးပွဲသို့ မြင်းကကုန်း ရပ်မိ ရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ဝ၂ဝ)**

**မြန်မာ့အလင်း**

**ပြည်တွင်း သတင်း အတိုအထွာ**

# စစ်ကိုင်း ရွှေဟင်္သာစံကျောင်း ဝါဆိုပွဲ

**ကျေးဇူးတော်ရှင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ကြီး၏ စံကျောင်းတော်ဖြစ်သည့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ် (၆)ရပ်ကွက် သုခဝတီလမ်း အမှတ် (၁၉/က)ရှိ စစ်ကိုင်းရွှေဟင်္သာစံကျောင်း၌ ဝါဆို၊ဝါကပ်တော်မူကြသည့် သံဃာတော်များအား ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။** (က-ပ)

# မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အခမ်းအနား ဝိုင်းမော်၌ကျင်းပ

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဝိုင်းမော်မြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသောင်းဖေက ဖတ်ကြားသည်။ ထို့နောက် ဒုတိယ မြို့နယ်တရားသူကြီး ဒေါ်ရွှေတင်၊ မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ကျော်နိုင်နှင့် မြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာအောင်ကျော်စိုးတို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးရေးအကြောင်း ဟောပြောဆွေးနွေးကြသည်။** (မြို့နယ် ပြန်/ဆက်)

# ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ကချင်ပြည်နယ် ကာမိုင်းမြို့ မြစိမ်းရောင်ရပ်ကွက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်နှင့်သဲနုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံဦးဆန်းအောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(၄၁၆)**

# မြန်မာ့ကျောက်မျက်ရတနာ အထူးရောင်းချပွဲဆက်လက်ကျင်းပ ခြောက်ရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၃၇၃၇ တွဲရောင်းချရ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၄၀၅၅ ဦးရောက်ရှိဝယ်ယူ

ရန်ကုန် ဇူလိုင် ၁၁

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**

## ဆက်လက်ရောင်းချ

၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချပွဲဆဋ္ဌမနေ့ အဖြစ် ယနေ့နံနက် ၈နာရီက မြန်မာ ကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက် ရောင်းချရာ ညနေ ၄ နာရီတွင် ကျောက် စိမ်းအတွဲပေါင်း ၇၁၆ တွဲ ရောင်းချရ သည်။ ဆက်လက်၍ ကျောက်စိမ်း အတွဲများကို တင်ဒါစနစ်ဖြင့် ညပိုင်း အထိ ရောင်းချလျက်ရှိသည်။ ကျောက် စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဇူလိုင် ၆ရက်မှယနေ့ ညနေပိုင်းအထိ ခြောက် ရက်ပေါင်း ရောင်းချရသော ကျောက် စိမ်းအတွဲပေါင်းမှာ ၃၇၃၇တွဲ ဖြစ်သည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဇူလိုင် ၁၂ရက်တွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက် လက်ရောင်းချသွားမည် ဖြစ်သည်။

## ရတနာကုန်သည်များရောက်ရှိ

၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက် စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်း ချပွဲသို့ ပြည်ပနိုင်ငံပေါင်း ၁၂ နိုင်ငံ၊ ကုမ္ပဏီ ၂၂၉၂ခုမှ ရတနာကုန်သည် ၂၄၁၁ဦးနှင့် ပြည်တွင်းနိုင်ငံသားကုမ္ပဏီ ၅၂၇ ခုမှ နိုင်ငံသားရတနာကုန်သည် ၁၆၄၄ ဦး စုစုပေါင်း ရတနာကုန်သည် ၄၀၅၅ ဦးရောက်ရှိနေကြပြီး ကျောက် စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်၍ ရောင်းချသွားမည်ဖြစ် သည်။ ပြည်ပရတနာကုန်သည်များ သည် ဆက်လက်ရောက်ရှိကြဦးမည် ဖြစ်သည်။ **(သတင်းစဉ်)**

# ပေါက်တောမြို့နယ်အသင်း ဂါဆိုသက်နှင်းဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၁၁**

အဋ္ဌမအကြိမ်မြောက် ပေါက်တော မြို့နယ် သင်းလုံးကျွတ်အစည်းအဝေး တွင် မြို့နယ်ဖွား ကျောင်းထိုင် ဆရာ တော်ကြီးများအား ဂါဆိုသက်နှင်း ကပ်လှူပွဲ၊ အသင်းဝင် အသက် ၇၅ နှစ်ပြည့် မိဘများအား ပူဇော်ပွဲနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင် မြင်ခဲ့သော ကျောင်းသူ ကျောင်းသား များအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဇဟန်းမြို့နယ် ဦးထောင်ဘိုလမ်း ဧညဝတီသာသနာပြုကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင် လိုသူများနှင့် အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ လှူဒါန်းလိုပါက ဦးမြသာ ဖုန်း-၃၇၃၃၇၃၊ ဦးသံဝေရ ဖုန်း-၂၄၈၀၄၅ တို့သို့ စာရင်းပေး သွင်း ဆက်သွယ်နိုင်ကြောင်း သိရ သည်။ **(က-ပ)**

# မကွေးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ့်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းအထိမ်းအမှတ် ငွေပဒေသာပင်နှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၁**

မကွေးတိုင်း တိုင်းလုံးကျွတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ် ငွေ ပဒေသာပင်နှင့် စာအုပ်လှူဒါန်းပွဲအခမ်း အနားကို ဇူလိုင် ၆ ရက်တွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ် နိုင်တို့က အမှာစကားပြောကြားကြသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းအေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကျေးရွာ စာကြည့်တိုက်များအတွက် ငွေပဒေသာ ပင် ငွေကျပ် ၁၂၇ သိန်းနှင့် တိုင်းအတွင်း ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးများတွင် e-Libary များ ဖွင့်လှစ်နိုင်ရေးအတွက် တန်ဖိုး ငွေကျပ် ၂၁၅ သိန်းတန်ဖိုးရှိ ကွန်ပျူတာ ၁၈ လုံးနှင့် ဆက်စပ်ပစ္စည်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ထံ ပေးအပ်လှူဒါန်းသည်။

## လက်ခံ

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်က ကျေးရွာစာကြည့်တိုက်များ အတွက် စာအုပ်ပေါင်း ၃၉၅၀ ကို လည်း ကောင်း၊ မကွေးတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဦးမြင့်သိန်း**(အပေါ်ပုံ)**က ကျေးရွာ စာကြည့်တိုက်များအတွက် ၂၁ လက်မ ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက် ၁၀ လုံး ကို လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ရဲမှူးကြီးသိန်းကြည်က ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ် စာစောင်အုပ် ၁၀၀၀၀ ကိုလည်း ကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူ များက လက်ခံကြသည်။ **(သတင်းစဉ်)**

# အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲ တောင်သာမြို့နယ် ကျောက်ကာ၊ တစ်မိုက်သာနှင့် သီးကုန်းကျေးရွာများ၌ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် အသိပညာပေး ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေး ပွဲများကို ဇူလိုင် ၆ ရက်နှင့် ၇ ရက် တို့က မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ ကျောက် ကာ ကျေးရွာ၊ တစ်မိုက်သာကျေးရွာနှင့် သီးကုန်းကျေးရွာတို့၌ ကျင်းပခဲ့သည်။

## ဆွေးနွေးဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာန ကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ခေါင်းဆောင်သော အဖွဲ့ဝင်များသည် ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းတွင် အသိ ပညာပေးဟောပြောပွဲနှင့် စကားဝိုင်း ဆွေးနွေးပွဲကို တောင်သာမြို့နယ် ကျောက်ကာကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် မြင်းခြံခရိုင် အမျိုးသမီး ရေးရာအဖွဲ့ စည်းရုံးရေးမှူး ဒေါ်ခင် သူဇာက လူမှောင်ခိုကုန်ကူးမှု တားဆီး ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မြင်းခြံခရိုင် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးငယ်ရွယ် အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြအေးက ယဉ်ကျေးမှုအကြောင်း ကိုလည်းကောင်း ဆွေးနွေးဟောပြော ကြသည်။

## ဆန်းစစ်

ဆက်လက်၍ တက်ရောက်လာ ကြသူများအား အမျိုးသမီးရေးရာ စကားဝိုင်း ၂၅ဝိုင်းခွဲ၍ စီမံရေးရာ ဌာနကြီးမှူးနှင့် အဖွဲ့ခေါင်းဆောင်များက အသိပညာပေး ဆွေးနွေးချက်များအပေါ် နားလည်သဘောပေါက်မှုကို ဆန်းစစ် ကြပြီး မေးမြန်းချက်များကို ပြန်လည် ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် အသိပညာပေး ဟော ပြောဆွေးနွေးပွဲ အပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါ်ခင်ဆန်းနွယ်နှင့်အဖွဲ့ဝင် များက အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများကိုယ်စား ကျောက်ကာ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာခိုင်အား အမျိုးသမီးရေးရာ ဝတ်စုံ၊ စာအုပ်စာစောင်များနှင့် အမျိုး သမီး အသုံးအဆောင်များကို ထောက်ပံ့ ပေးအပ်သည်။

## အသင်းဝင်အဆိုပြုလွှာပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်ထံ အမျိုး သမီးရေးရာ အသင်းဝင်အဆိုပြုလွှာများကို ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာခိုင်က ပေးအပ်သည်။

အလားတူ ဇူလိုင်၇ရက် မွန်းလွဲပိုင်း တွင် အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တစ်မိုက် သာကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်း နွယ်က နှုတ်ခွန်းဆက် စကားပြော ကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မြင်းခြံခရိုင် အမျိုးသမီး ရေးရာအဖွဲ့ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်နွဲ့နွဲ့ဝင်းက လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ် ရေးအကြောင်းကိုလည်းကောင်း၊ မြင်းခြံ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ပြန်ကြားရေး တာဝန်ခံဒေါ်မြဝင်းကြည်က ယဉ်ကျေးမှု အကြောင်းကို လည်းကောင်း ဆွေးနွေး ဟောပြောကြသည်။

ဆက်လက်၍ တက်ရောက်လာ ကြသူများအား အမျိုးသမီးရေးရာစကား ဝိုင်း ၂၀ခွဲ၍ စီမံရေးရာ ဌာနကြီးမှူးနှင့် အဖွဲ့ခေါင်းဆောင်များက အသိပညာ ပေးဆွေးနွေးချက်များအပေါ် နားလည် သဘောပေါက်မှုကို ဆန်းစစ်ကြပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးကြသည်။

## ထောက်ပံ့ပေးအပ်

ယင်းနောက် အသိပညာပေး ဟောပြောပွဲ ဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါ်ခင်ဆန်းနွယ် နှင့် အဖွဲ့ဝင်များက အသိပညာပေး ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကိုယ်စား တစ်မိုက်သာကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှမြင့်အား အမျိုး သမီးရေးရာ ဝတ်စုံများ၊ ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်နှင့် အမျိုးသမီးအသုံးအဆောင် ပစ္စည်းများကိုလည်းကောင်း၊ တစ်မိုက် သာ အခြေခံပညာ အထက်တန်း ကျောင်းခွဲ ကျောင်းအုပ်ကြီး ဦးသောင်း စိန်အား ကျောင်းအတွက် ရုပ်မြင် သံကြားပြစက်နှင့် ဗွီစီဒီစက်တို့ကို လည်းကောင်း ထောက်ပံ့ ပေးအပ် သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်ထံ အမျိုး သမီးရေးရာအသင်းဝင်အဆိုပြုလွှာများ ကို တစ်မိုက်သာကျေးရွာ အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှမြင့်က ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာန ကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က တစ်မိုက်သာကျေးရွာ ဇီဝိတဒါနအသင်း အတွက် ငွေကျပ် ငါးသိန်းကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးထွန်းအောင်အား ထောက်ပံ့ပေးအပ်သည်။

## သီးကုန်းကျေးရွာ

ထိုမှတစ်ဆင့် မွန်းလွဲပိုင်းတွင် အသိပညာပေး ဟောပြောပွဲနှင့် စကား ဝိုင်းဆွေးနွေးပွဲကို မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် သီးကုန်း ကျေးရွာ၌ ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင် ဆန်းနွယ်က နှုတ်ခွန်းဆက်စကား ပြော ကြားသည်။

## ဟောပြော

ထို့နောက် တောင်သာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လူမှောင်ခို ကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ယဉ်မေဝင်းက လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ် ရေးအကြောင်းကို လည်းကောင်း၊ တောင်သာမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဒေါ်မိမိလေးက ယဉ်ကျေးမှုအကြောင်း ကိုလည်းကောင်း ဆွေးနွေးဟောပြော ကြသည်။

ယင်းနောက် တက်ရောက်လာကြ သူများအား အမျိုးသမီးရေးရာ စကားဝိုင်း ၂၃ဝိုင်း ခွဲ၍ စီမံရေးရာ ဌာနကြီးမှူးနှင့် အဖွဲ့ခေါင်းဆောင်များက အသိပညာ ပေးဆွေးနွေးချက်များအပေါ် နားလည် သဘောပေါက်မှုကို ဆန်းစစ်ကြပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးကြသည်။

အသိပညာပေး ဟောပြောဆွေးနွေးပွဲ အပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များက အသိပညာပေးဟောပြောပွဲနှင့် စကား ဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြ သူများကိုယ်စား သီးကုန်းကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေး အား အမျိုးသမီးရေးရာ ဝတ်စုံများ၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်နှင့် အမျိုးသမီးအသုံးအဆောင် ပစ္စည်းများကိုလည်းကောင်း၊ သီးကုန်း ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြိုင်အား ကျေးရွာစက်ရေတွင်း ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်သည်။

## ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်ထံ အမျိုး သမီးရေးရာ အသင်းဝင် အဆိုပြုလွှာ များကို သီးကုန်းကျေးရွာ အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေးက ပေးအပ် သည်။ **(သတင်းစဉ်)**

# နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့အားအမှူးထား၍ ဝန်ကြီးဌာနမိသားစုတို့၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ် ၁၈ ပါး ကြွရောက်တော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်**(အောက်ပုံ)**၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

## တရားနာယူ

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့က ရွတ်ဖွား သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များ နာယူကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့်ဇနီး အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစု အလှူရှင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ ထို့နောက် ဝန်ကြီးနှင့်ဇနီး အမှူးပြုသောဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများမှ ဆရာတော်သံဃာတော် အရှင်သူမြတ်များအားဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သာကေတ မြို့နယ် အမှတ် ၆၄၉ ခိုင်ရွှေဝါလမ်း အနောက် ၇ ရပ်ကွက်နေ ဖခင် ဦးမောင်ခင်၊ သမီး ဒေါ်ငွေစိန်၊ အစ်ကို ဦးထိုင်ပို၊ ဦးထိုင်းရှု၊ ဦးထိုင်ဝင်း၊ ဦးကျော်သိန်း၊ အစ်မဒေါ်စိုး၊ ဒေါ်တင်လှ၊ ဒေါ်တင်ညွန့်တို့အား ရည်စူး၍ သမီး ဒေါ်တင်တင်၊ မြေး မငြိမ်းသန္တာဦး၊ မစန္ဒာအေးမိသားစုတို့က အလှူငွေကျပ် ၁၆၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ (ပဲခူး) တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# ပန်းဥယျာဉ်တည်ဆောက်ထိန်းသိမ်းခြင်းနှင့် မြေယာရှုခင်းပြုပြင်မှု သင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် ပန်းဥယျာဉ်တည်ဆောက်ထိန်းသိမ်းခြင်းနှင့် မြေယာရှုခင်းပြုပြင်မှုသင်တန်း (Gardening & Landscapping) အမှတ်စဉ်(၁/၂၀၀၇)ကို ဩဂုတ် ၆ ရက်မှ ၁၇ ရက်အထိ နေ့စဉ် (စနေ၊ တနင်္ဂနွေမပါ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ အခြေခံပညာ အထက်တန်းအဆင့်ရှိ သင်တန်းသား သင်တန်းသူ ၅၀ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

## ဆက်သွယ်တက်ရောက်နိုင်

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့်ဝန်ထမ်းများအတွက် ငွေကျပ်၁၅၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ်၁၇၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်းအမှတ်-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

# မြန်မာဘုန်းတော်ကြီးကျောင်းဖြစ်မြောက်ရေး ပဉ္စမအကြိမ်မြောက်အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၁**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပဉ္စမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၃ရက်(သောကြာနေ့)မွန်းလွဲ ၃နာရီတွင် ကမ္ဘာအေး လိုဏ်ဂူတောင်ဘက်မုခ်အနီးရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရား ချီးမြှင့်မည်ဖြစ်ပြီး ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီက ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ဆဲ အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့အား ရှင်းလင်းမိန့်ကြားမည်ဖြစ်သဖြင့် အခမ်းအနားသို့ အလှူငွေလှူဒါန်းပြီး အလှူရှင်များ၊ အလှူငွေ လှူဒါန်းလိုသည့် အလှူရှင်များ အနေဖြင့် တက်ရောက်ကြပါရန် ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီက တိုက်တွန်းနှိုးဆော်ထားကြောင်းနှင့် စုံစမ်းမေးမြန်းလိုပါက ဖုန်း ၀၉-၅၁-၉၂၄၆၈၊ ၀၉-၅၁-၉၇၄၇၄၊ ၀၉-၅၀-၀၂၉၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မင်္ဂလာဈေးဓမ္မာရုံ အထူးတရားပွဲ

**ရန်ကုန် ဇူလိုင် ၁၁**

မင်္ဂလာဈေး သံဃဒါနဆွမ်းလောင်းအသင်းမှ အထူးတရားဓမ္မသဘင်များ ကျင်းပလျက်ရှိရာ ဓမ္မစေတီ ဆရာတော် ဦးကောသလ္လ [M.A (Budd:)]က ဇူလိုင် ၁၂ရက်၊ ၁၃ ရက်နှင့် ၁၄ရက်တို့တွင် ညစဉ် ၇နာရီမှစ၍ သုံးရက်တိုင်တိုင် မင်္ဂလာဈေးဓမ္မာရုံ ကြားတောရလမ်း ဗဟန်းမြို့နယ်တွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# အင်္ဂပူမြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်း ဆက်ကပ် ထူးကြီးကျေးရွာ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းက အင်္ဂပူမြို့ မြို့နယ်ခန်းမ၌ကျင်းပသည့် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ဝန်ကြီးနှင့် တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်ချ အမျှပေးဝေ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် ဘုရား၄တွဲ(၁)ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## အလှူငွေပေးအပ်

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် တောင်ပေါ်ကုန်း အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အလှူငွေများ လှူဒါန်းပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညနေပိုင်းတွင် အင်္ဂပူမြို့နယ် မြို့မမြောက် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို မှာကြား၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

## ပညာရည်ချွန်ဆုပေးပွဲ

ဗဟိုအလုပ်အမှုဆောင်သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာခန်းမ၌ ကျင်းပသည့် ၂၀၀၆-၂၀၀၇ ခုနှစ် အင်္ဂပူမြို့နယ်မှ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးအမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ကြသည့် ဂုဏ်ထူးရှင်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

## ပေးအပ်လှူဒါန်း

ဆက်လက်၍အင်္ဂပူမြို့နယ်အတွင်း အောင်ချက် အကောင်းဆုံး ကျောင်းများကို ဆုများချီးမြှင့်ပြီး ကျောင်းများ၌ အသုံးပြုရန် ပုံနှိပ်စာအုပ်၅၅စုံ၊ ဗလာစာအုပ် ဒါဇင်၁၂၀နှင့် ကျောင်းစိမ်းဝတ်စုံများကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၃ရပ်ကွက် ဓမ္မာရုံလမ်းနေ ဒေါ်မကြီးမိသားစုက ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မိုးစပါးစိုက်ပျိုးရန်ပျိုးထောင်ထားမှု ကြည့်ရှုစစ်ဆေး ကောက်ကွက်ပြည့်မီပြီး ပင်ကြားတန်းကြား စနစ်တကျစိုက်ပျိုးရေး မှာကြား

နေပြည်တော် ဇူလိုင် ၁၁

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်ရေးအဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၄ ရက်က မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်း မိုးနှမ်းစိုက်ပျိုးထားမှု၊ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထားရှိမှု၊ နွေစပါးရိတ်သိမ်းမှုနှင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နှင့် ပင်းတလဲကျေးရွာသွားကားလမ်းဘေးရှိ တောင်ဆည်ကျေးရွာအုပ်စုမှ တောင်သူကြီး ဦးကြည်၏ စိုက်ပျိုးပြီး သက်တမ်း ၄၅ ရက်ရှိ မိုးနှမ်းခြောက်ဧက စိုက်ပျိုးခင်းကိုလည်းကောင်း၊ အဆိုပါ ကားလမ်းဘေးရှိ အိုမတွေ့ကျေးရွာအုပ်စု တောင်သူ ဦးမှတ်ကြီး၏ စိုက်ပျိုးအောင်မြင်နေသည့် မိုးနှမ်း ၁၀ ဧကအား လည်းကောင်းကြည့်ရှုစစ်ဆေးသည်။ မန္တလေးတိုင်းအတွင်း မိုးနှမ်းစိုက်ပျိုးရန် ၄၁၉၉၈ ဧကလျာထားခဲ့ရာ ရာခိုင်နှုန်းပြည့် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးသည် ရန်ကုန်-မန္တလေးကားလမ်းဘေး မိုင်တိုင်အမှတ် (၃၅၁/၂)အနီး မိတ္ထီလာ စက်မှုဇုန်မှ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူ ၃၂၈ ဧကတွင် ဖြစ်ထွန်းလျက်ရှိသည့် ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရေရရှိနိုင်မှုအခြေအနေ၊ အပင်များဆက်လက် ရှင်သန်ဖြစ်ထွန်းအောင်ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်း တင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ကောက်ကွက်ပြည့်မီအောင်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သီလင်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၅၆)ရှိ ရွှေနန်းတော်စိုက်ကွင်း ၁၁၅ ဧကဌ် တောင်သူကိုယ်တိုင် စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများနှင့် မိုးစပါးအတွက် စက်ယန္တရားများအသုံးပြုပြီး မြေပြုပြင်နေမှု၊ မိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** တောင်သူ ဦးမြင့်ထူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြီး တိုင်းမှူးက ကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးရေး၊ ပင်ကြား တန်းကြား စနစ်တကျစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာ ဖျန်းပက်ရေးတို့နှင့် လိုအပ်သည်များအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ရှင်းရှင်းနီးနီး

ထို့နောက် တိုင်းမှူးသည် မြစ်သားမြို့နယ် သီလင်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၅)ရှိ တောင်သူ ဦးပြား၏ လယ် ၉ ဒသမ ၃၈ ဧကအနက် စံကွက်များတွင် မနောသုခစပါးများကို စက်ယန္တရားများဖြင့် ရိတ်သိမ်းနေမှု၊ ရိတ်သိမ်းပြီး စပါးများအား စက်ဖြင့်ခြွေလှေ့နေမှု၊ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို စက်ယန္တရားဖြင့် နယ်လှေ့နေမှုနှင့် မိုးစပါးစိုက်ပျိုးရန်အတွက် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူဦးကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ မှာကြားသည်။

## ထွက်ရှိ

အဆိုပါ တောင်သူ ဦးပြား၏ စံကွက်တစ်မှ တစ်ဧကလျှင် ၁၂၆ ဒသမ ၅၂ တင်း၊ စံကွက်နှစ်မှ တစ်ဧကလျှင် ၁၂၁ ဒသမ ဝ၆ တင်း၊ စံကွက်သုံးမှ ၁၃၁ ဒသမ ၉၀ တင်းထွက်ရှိရာ ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ၁၂၆ ဒသမ ၅၀ တင်းထွက်ရှိကြောင်း သိရသည်။

## ဆက်လက်ရိတ်သိမ်း

မြစ်သားမြို့နယ်တွင် နွေစပါး လျာထား ၂၆၇၅၉ ဧက စိုက်ပျိုးပြီး ၂၆၈၀၂ ဧကဖြစ်ကာ တင်း၁၀၀ အထက် ၅၁၂၇ ဧက၊ တင်း ၉၀ နှင့် ၁၀၀ ကြား ဧက ၁၆၂၀ တင်း ၈၀ နှင့် ၉၀ ကြား ၃၀၇ ဧကအသီးသီးထွက်ရှိကြောင်းနှင့် ရိတ်ရန်ကျန်သည့် နွေစပါးများကိုလည်း ဆက်လက်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် စဉ့်ကိုင်မြို့နယ် တရုတ်စုကျေးရွာ ကွင်းအမှတ်(၆၁/က)တွင် စိုက်ပျိုးထားသည့် တောင်သူ ဦးချစ်ကို၏ မနောသုခစပါး ကိုးဧကတွင် စပါးများကို ရိတ်သိမ်းနေမှုများအား ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက မိုးစပါးအချိန်မီ စိုက်ပျိုးရေး၊ နွေစပါးများရိတ်သိမ်းပြီး အမိုးအကာအောက် ရောက်ရှိရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ဦးချစ်ကို၏ လယ်စံပြကွက်မှ တစ်ဧကလျှင် ၁၂၂ ဒသမ တင်း ၂၀ ထွက်ရှိကာ မြစ်သားမြို့နယ်တွင် စိုက်ပျိုးပြီး နွေစပါးများမှ ယနေ့အထိ ရိတ်သိမ်းပြီး ၇၀၅၄ ဧကတွင် ပျမ်းမျှ ထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀၇ ဒသမ ၅၅ တင်း ထွက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

### အီရန်၌ လောင်စာဆီတင်ယာဉ်ပေါက်ကွဲ၊ ၁၃ ဦးသေဆုံး

တီဟီရန် ဇူလိုင် ၁၁

**အီရန်နိုင်ငံ၌ လောင်စာဆီတင်ဆောင်လာသော ထရပ်ကားတစ်စီး ဇူလိုင် ၁၁ ရက်က ပေါက်ကွဲရာ ၁၃ ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

ဖြစ်ပွားခဲ့

**အခင်းဖြစ်ပွားမှုမှာ အီရန်နိုင်ငံ အရှေ့တောင်ပိုင်း စစ်စတန်ဘလူချီစတန်ပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မတော်တဆဖြစ်ရပ်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။**

### အယ်လ်ဂျီးရီးယား၌ ကားဗုံးခွဲတိုက်ခိုက် ကိုးဦးသေဆုံး

**ဘောအီရာ ဇူလိုင် ၁၁**

အယ်လ်ဂျီးရီးယားနိုင်ငံ ဘောအီရာမြို့၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဇူလိုင် ၁၁ ရက်က ဖြစ်ပွားရာ ကိုးဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဝင်ရောက်တိုက်ခိုက်

ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း၊ အယ်လ်ဂျီးရီးယား စစ်တန်းလျားတစ်ခုကို ဗုံးများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

# မကွေးတိုင်းရှိ ပြန်/ဆက် ဦးစီးဌာနရုံးများ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့်အတူ ဇူလိုင် ၅ ရက်က မကွေးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းရုံး မကွေးတိုင်း လက်ထောက်ညွှန်ကြားရေးမှူးနှင့် မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်ရှိ ခရိုင်ဦးစီးအရာရှိတို့နှင့် တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးမှာကြားသည်။

## ဆွေးနွေးမှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ ခိုင်မာရေး၊ ဝန်ကြီး၏ မှာကြားချက်ဖြစ်သော လုပ်ငန်းစဉ် (၅)ရပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၆ ရက်တွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ခရိုင် ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရေးကို အားသွန်ခွန်စိုက် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ကြရန် မှာကြားသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

### Rocephin ဆေးနှင့်ထုံးဓာတ်ပါဝင်သောဆေး တွဲဖက်ပေးမိလျှင် ကလေးငယ်များ အသက်ဆုံးပါးတတ်ကြောင်း သတိပေး

ဘာလုမ်းဘတ် ဇူလိုင် ၁၁

**Roche ဆေးကုမ္ပဏီမှထုတ်လုပ်သော Rocephin ပဋိဇီဝဆေးသည် ထုံးဓာတ်ပါဝင်သော ဆေးများနှင့်တွဲပြီး ကလေးငယ်များအား ကုသမှုပေးမိလျှင် ကလေးငယ်များ သေဆုံးတတ်ကြောင်း အမေရိကန် အစားအစာနှင့် ဆေးဝါးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က သတင်းထုတ်ပြန်သည်။**

တွဲပေးမိလျှင်

**ဆရာဝန်များအနေဖြင့် အဆိုပါ Rocephinဆေးကို ထုံးဓာတ်ပါဝင်သောဆေးများနှင့် တွဲဖက်ပေးမိလျှင်လည်းကောင်း၊ Rocephinဆေးကိုပေးပြီး ၄၈နာရီအကြာ ထုံးဓာတ်ပါဝင်သော ဆေးကို ပေးမိလျှင်လည်းကောင်း၊ မွေးကင်းစကလေးငယ်များနှင့် လမစေ့မီမွေးဖွားသော ကလေးငယ်များ သေဆုံးတတ်ကြောင်း အမေရိကန် အစားအစာနှင့် ဆေးဝါးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။**

အသုံးပြု

**အဆိုပါဆေးမှာ ထိုးဆေးတစ်မျိုးဖြစ်ပြီး ဆီးလမ်းကြောင်းဆိုင်ရာ ပိုးဝင်ခြင်း၊ နားပြည်ယိုခြင်း၊ ကိုယ်တွင်းအနံ့ ရောဂါပိုးများပျံ့၍ ရောဂါသည်းခြင်းတို့ကို ကုသရာ၌ အသုံးပြုသည့်ဆေး ဖြစ်သည်။**

သုံးလေ့ရှိ

**၎င်းဆေးသည် ပဋိဇီဝဆေးတစ်မျိုးဖြစ်ပြီး မွေးကင်းစမှ နှစ်နှစ်အရွယ်အတွင်း ကလေးငယ်များ၌ ဖြစ်ပွားတတ်သောရောဂါများ ကုသရာတွင် ဆရာဝန်များသုံးလေ့သုံးထရှိသော ဆေးဖြစ်ကြောင်း သိရသည်။**

# မြန်မာ့ရုပ်မြင်သံကြား

**၁၂-၇-၂၀၀၇ ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓ‌ဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (စီးပွားရေးပညာ အထူးပြု) [စီးပွားရေးပညာ]
၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
၁၇:၃၅ ၈။ **ငါးရစ်မျိုး ငါး..... တို့မစားရော၊** ခိုင်သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား (ဒါရိုက်တာ-ရဲဝင်းနီ)
၁၇:၄၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ Discovery
၁၉:၀၅ ၁၄။ အလှတွင်အယဉ်ဆင့် အသွင်တင့်နေသည့် မိတ္ထီလာကန်
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း-၂)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၁၉)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## ■ ကျောဖုံးမှ

### အမှတ်တရလက်ဆောင်ပေး

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီးတို့က ဧည့်သည်တော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။ **(သတင်းစဉ်)**

# မျိုးဆက်ပွားကျန်းမာရေးသည် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အစိတ်အပိုင်းဖြစ် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိ

## ကိုယ်ဝန်ဆောင်များ HIV/AIDS ရောဂါကူးစက်မှုကာကွယ်ရေး ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲသွားမည်

နေပြည်တော် ဇူလိုင် ၁၁

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် (၁၈)နှစ်မြောက် ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမဦကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။** (အောက်ပုံ)

### ရွေးချယ်

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို "မိခင်ဘဝကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု"ဟု သတ်မှတ်ထားကြောင်း၊ ကုလသမဂ္ဂက ချမှတ်ထားသည့် လုံခြုံစိတ်ချ မိခင်ဘဝအစပျိုးလုပ်ငန်းစဉ်၏ အနှစ် (၂၀) မြောက် အထိမ်းအမှတ်အဖြစ် မိခင်များ၏ ကျန်းမာရေးကို အဓိကထားသောဆောင်ပုဒ်ကို ယခုနှစ်အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး၊ HIV/AIDSရောဂါများ မဖြစ်ပွားစေရေးနှင့် ကျား/မ သာတူညီမျှရှိစေရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် အမျိုးသားများအနေဖြင့် ဖခင်များဘဝ၊ ခင်ပွန်းများဘဝ၊ ရပ်ရွာခေါင်းဆောင်၊ နိုင်ငံရေး၊ ဘာသာရေး ခေါင်းဆောင်များဘဝများဖြင့် တာဝန်ယူနေရသည့် ဦးဆောင်မှုကဏ္ဍကိုအကျိုးရှိစွာ အသုံးပြုပြီး တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ နိုင်ငံအနေဖြင့်သော်လည်းကောင်း တက်ကြွစွာ ပါဝင်လှုပ်ရှား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားများ၏ ပါဝင် ကူညီစောင့်ရှောက်မှုသည် အမျိုးသမီးများ၏ မျိုးဆက်ပွား ကျန်းမာရေးအတွက် အထောက်အကူပြုရာတွင်ရော မျိုးဆက်ပွား ကျန်းမာရေးနှင့် အမျိုးသမီးအခွင့်အရေးများကို ဟန့်တားနေသည့် လူမှုရေးဆိုင်ရာ အခန်းကဏ္ဍများ တိုးတက်ပြောင်းလဲစေရေးတွင် အခြေခံကျကြောင်း။

### ပိုမိုကောင်းမွန်စေရေး

ယနေ့ကမ္ဘာ၌ မိခင်များ၏ကျန်းမာရေးအတွက် အမျိုးသားများ၏ ပါဝင်ပူးပေါင်း လက်တွဲစောင့်ရှောက်မှုသည် အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ အမျိုးသားများသည် ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးဆိုင်ရာ အခက်အခဲများနှင့် အန္တရာယ်များ အကြောင်းတို့နှင့် ပတ်သက်ပြီး ဗဟုသုတနည်းကြသကဲ့သို့ ကိုယ်ဝန်ဆောင် မိခင်ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုတွင် မိမိတို့၏ ပါဝင်ပူးပေါင်းစောင့်ရှောက်မှုသည် မည်မျှအရေးပါကြောင်းကိုလည်း မသိကြကြောင်း၊ အသိကြွယ်ပြီး ဗဟုသုတရှိသော ခင်ပွန်းတို့၏ ပြုစုစောင့်ရှောက်မှုနှင့် လက်တွဲကူညီမှုတို့သည် ကိုယ်ဝန်ဆောင်မှုနှင့် ကလေးမွေးဖွားမှု ပိုမိုကောင်းမွန်စေရေးအတွက်ရော မွေးဖွားရာတွင် အခက်အခဲကြုံ၍ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်သည့် အခါတွင်ပါ ကိုယ်ဝန်ဆောင်မိခင် အသက်ရှင်ရေးအတွက် များစွာ အရေးကြီးကြောင်း။

**မြန်မာနိုင်ငံ၏ အနေအထားနှင့် ပတ်သက်ပြီး အကျဉ်းချုံးပြောရလျှင် မြန်မာနိုင်ငံ၏လူဦးရေသည် ၅၆ဒသမ ၅သန်းရှိပြီး အမျိုးသားဦးရေ ၂၈ဒသမ ၁သန်း၊ အမျိုးသမီးဦးရေ ၂၈ဒသမ၄ သန်းရှိသည့်အနက် လူဦးရေ ၁၄ဒသမ ၄ သန်းသည် အသက်(၁၅)နှစ်မှ အသက်(၄၉)နှစ်ရှိ ကလေးမွေးဖွားနိုင်သည့်အရွယ်အမျိုးသမီးများဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် စီးပွားရေး တိုးတက်မှု သိသိသာသာ မြင့်မားလာလျက်ရှိသကဲ့သို့ မြို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု ကွာဟချက်သည်လည်း တဖြည်းဖြည်း နည်းလာနေပြီဖြစ်ကြောင်း။**

**အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ လုပ်ငန်းအစီအစဉ်၌ ချမှတ်ခဲ့သည့် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသည် မျိုးဆက်ပွားကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ထောင်စုနှစ် ထိပ်သီးညီလာခံကို တက်ရောက်ခဲ့ပြီး ကိုယ်ဝန်ဆောင် မိခင်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များကို လက်ခံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တစ်နှစ်အောက် ကလေးသေဆုံးမှု၊ ကလေးနှင့်ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု လျော့ကျရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။**

### မျိုးဆက်ပွားကျန်းမာရေး

မျိုးဆက်ပွားကျန်းမာရေးသည် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့်အလျောက် မြန်မာနိုင်ငံ၏ အမျိုးသားမျိုးဆက်ပွား ကျန်းမာရေးမူဝါဒကို ၂၀၀၁ခုနှစ်တွင် ချမှတ်ခဲ့ပြီး ပုံမှန်လုပ်ငန်း အစီအစဉ်များ၌ ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒ အကောင်အထည်ဖော်ရေး လမ်းညွှန်၌ မျိုးဆက်ပွားကျန်းမာရေးအတွက် အမျိုးသားများ ပူးပေါင်းလက်တွဲ လုပ်ဆောင်ရမည့်ကဏ္ဍကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း။

ဒေသတွင်း လှုပ်ရှားမှုနှင့် ပတ်သက်၍ ထိရောက်သည့် အမူအကျင့် ပြောင်းလဲရေး နည်းဗျူဟာများဖြင့် မျိုးဆက်ပွားကျန်းမာရေးတွင် အမျိုးသားများ ပါဝင်မှု မြှင့်တင်ရေးစီမံချက်ကို မြန်မာနိုင်ငံ၌ ရှေ့ပြေးစီမံချက်အဖြစ် ဆောင်ရွက်ရန် ရွေးချယ်ခံခဲ့ရသည့်အတွက် ကျန်းမာရေးဦးစီးဌာနသည် လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သော မြန်မာနိုင်ငံဆရာဝန်များအသင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းသားများအတွက် ဘဝတွက်တာ ကျွမ်းကျင်စရာများ အပါအဝင် မျိုးဆက်ပွားကျန်းမာရေးပညာပေးမှုကို တွဲဖက်သင်ရိုးဝင်ဘာသာအဖြစ် ထည့်သွင်းထားပြီးဖြစ်ကြောင်း၊ ရပ်ရွာအတွင်းရှိ ကျောင်းပြင်ပလူငယ်များအတွက်လည်း သက်ဆိုင်ရာ အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက လူငယ်များ လေ့ကျင့်ပညာပေးရေးလုပ်ငန်း အစီအစဉ်များတွင် မျိုးဆက်ပွား ကျန်းမာရေး အချက်အလက်များနှင့် ဘဝတွက်တာကျွမ်းကျင်စရာများကို သင်ကြားဖြန့်ဖြူးပေးလျက်ရှိကြောင်း။

### လူမှုရေးအသင်းအဖွဲ့

မိခင်နှင့်ကလေးများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သီးသီးသန့်သန့် အာရုံစူးစိုက် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သော မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုကို တစ်နိုင်ငံလုံးဖြန့်ကြက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် မိသားစု ဝင်ငွေတိုးရေး၊ ကလေးများ၏ ပညာရေးအပါအဝင် မိခင်နှင့်ကလေးများ၏ စီးပွားရေး၊ လူမှုရေး၊ ဘဝမြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း။

မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းရေးဦးတည်ပြီး ကိုယ်ဝန်ဆောင်မိခင်တိုင်း ကိုယ်ဝန်စောင့်ရှောက်မှု ခံယူကြစေရန်၊ အန္တရာယ်ရှိသည့် ကိုယ်ဝန်ဆောင်များ အချိန်မီလွှဲပြောင်းပေးနိုင်စေရန်နှင့်ကျွမ်းကျင်သူများဖြင့် မွေးဖွားနိုင်စေရန် အခြေခံအဆင့် ကျေးလက်ဒေသများနှင့် မြို့ပေါ် ဆင်ခြေဖုံးရပ်ကွက်များအထိ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် UNFPA နှင့် ပူးပေါင်းပြီး မိခင် ရင်သွေးကျန်းမာရေးရိပ်မြုံဖွင့်လှစ်ရေး စီမံချက်၊ မျိုးဆက်ပွားကျန်းမာရေး စီမံချက်၊ ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်မှု လုပ်ငန်း စီမံချက်များကို ဆောင်ရွက်လျက်ရှိသကဲ့သို့ UNICEFနှင့် ပူးပေါင်းပြီး ပြည်သူလူထု အခြေပြု ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် (PMCT) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးတွင် အမျိုးသားများပါဝင်ရေးနှင့် ပတ်သက်ပြီး ၂၀၀၃-၂၀၀၄ ခုနှစ်က မကွေးနှင့် မော်လမြိုင်မြို့နယ်များ၌ စီမံချက်များ စမ်းသပ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်နိုင်ရန်စီစဉ်လျက်ရှိနေပြီးလည်းဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်

**ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး နိုင်ငံတော်၌ (၁၅)နှစ်အထက် လူကြီးများ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး အမျိုးသားများ စာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသမီးများ စာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လူတိုင်းအခြေခံ ပညာတတ်မြောက်ရေးလုပ်ငန်း အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ယင်းရည်မှန်းချက် အကောင်ထည်ပေါ်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကလည်း ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။**

**အမျိုးသားပညာရေးမူဝါဒနှင့်အညီ မြန်မာနိုင်ငံ၌ ကလေးတိုင်း မူလတန်းပညာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင်လူတိုင်းအတွက် ပညာရေးဆိုင်ရာ အမျိုးသားစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လူတိုင်းအတွက်ပညာရေးရည်မှန်းချက်များတွင် ကျောင်းပြင်ပ ပညာရေးဘဝတွက်တာကျွမ်းကျင်မှုနှင့် ကာကွယ်တားဆီးမှုပညာရေး အစီအစဉ်များမှတစ်ဆင့် လူရွယ်များနှင့် သက်ကြီးများ၏ သင်ယူမှု လိုအပ်ချက်များ ရရှိလာစေရန် သေချာအောင် ဆောင်ရွက်ရေးသည် တစ်ခုအပါအဝင် ဖြစ်ကြောင်း။**

### တန်းတူအခွင့်အရေး

ငါးနှစ်အရွယ် ကလေးငယ်များ၏ ကျောင်းအပ်နှံမှုနှုန်းက ၉၇ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ မိန်းကလေးများ ကျောင်းအပ်နှုန်းသည် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာအဆင့်တို့၌ ထက်ဝက်နီးပါးရှိပြီး အဆင့်မြင့်ပညာတွင် လုပ်ငန်းသဘောသဘာဝအရ အကန့်အသတ်ရှိသည့်ဘာသာရပ်များမှအပ ဘာသာရပ်တိုင်း၌ အမျိုးသမီးများသည် အမျိုးသားများထက် သာလွန်များပြားကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးများသည် ပညာရေးအခွင့်အလမ်းများတွင် အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးရရှိကြသည်မှာ ထင်ရှားလျက်ရှိကြောင်း။

ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး၌ အမျိုးသားများ လက်တွဲပါဝင်မှုနှင့် ပတ်သက်သည့် ဗဟုသုတနှင့်တကွ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး ကာကွယ်စောင့်ရှောက်ရာတွင်အမျိုးသားများ၏ အခန်းကဏ္ဍ အရေးကြီးပုံကို သိရှိနားလည်မှု၌ သာမန်အားဖြင့် အားနည်းကြကြောင်း၊ မြန်မာ့ရိုးရာအရ အမျိုးသားများသည် အိမ်ထောင်ဦးစီးများဖြစ်ကြပြီး အဓိကအဆုံးအဖြတ်ပေးသူများဖြစ်ကြသည့်အတွက် ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် ပတ်သက်၍ ဗဟုသုတကြွယ်ဝစေရန်နှင့် ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကာကွယ်မှုတို့၌ ပါဝင်ပတ်သက်မှု တိုးမြှင့်ပေးရန် လိုအပ်ကြောင်း။

### အားပေးပံ့ပိုး

HIV/AIDS ရောဂါ ကာကွယ်တားဆီးရေးနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံသည် အမျိုးသား ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေးလုပ်ငန်း အစီအစဉ်ကိုချမှတ်ပြီး၊ ဒေသတွင်း၌ နိုင်ငံအချင်းချင်း လုပ်ငန်းအစီအစဉ်များတွင် ပါဝင်လှုပ်ရှားအောင် အားပေးပံ့ပိုးခဲ့ကြောင်း၊ ကျောင်းများအခြေပြု ကျန်းမာစွာနေထိုင်ရေးနည်းနှင့် AIDS တားဆီးကာကွယ်ရေး ပညာပေးလုပ်ငန်း အစီအစဉ် School Based Healthy Living and HIV/AIDS Prevention Education (SHAPE) ကို အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းများ၌ ထည့်သွင်းသင်ကြားစေခဲ့ကြောင်း၊ SHAPE စီမံချက်ကို ၁၉၉၈ ခုနှစ်တွင် မြို့နယ် ၃၀၊ ကျောင်းပေါင်း ၄၀၀၀ ကျော်၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် မြို့နယ် ၁၂၂ မြို့နယ်၊ ကျောင်းပေါင်း ၁၄၀၀၀ ကျော်အထိ တိုးမြှင့်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ထို့အပြင် SHAPE သင်ရိုးဝင် အကြောင်းအရာများကို ဘဝတွက်တာကျွမ်းကျင်မှုသင်ရိုး၌လည်း ထည့်သွင်းထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုလျော့ချရေးနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးနှုန်းကို ၂၀၁၅ခုနှစ်တွင် လေးပုံသုံးပုံလျှော့ချရေး ဆိုသည့် လူဦးရေနှင့်ဖွံ့ဖြိုးမှုညီလာခံ လုပ်ငန်းအစီအစဉ်နှင့် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်ပြည့်မြောက်နိုင်ရေးအတွက် ကိုယ်ဝန်ဆောင် မိခင်ကျန်းမာရေး၌ အမျိုးသားများ၏ အခန်းကဏ္ဍ အရေးကြီးပုံကို အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရင်း ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးဖွံ့ဖြိုးမှုနှင့် HIV/AIDS ရောဂါကူးစက်မှုမှ ကာကွယ်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် တက်ကြွစွာ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

### လွန်စွာအရေးကြီး

မြန်မာနိုင်ငံသည် လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (ICPD) က ချမှတ်လိုက်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ထောင်စုနှစ် ပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် အမျိုးသမီးများ၏ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရေး လုပ်ငန်းများ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း စသည့် လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍသည် လွန်စွာမှ အရေးပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ် Mr. Daniel B. Baker က ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Thoraya Obaid ထံမှပေးပို့သော ၂၀၀၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ မောင်အောင်ဌေးလှိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်မှ မင်းဇာနည်ဇော်၊ တတိယဆုရ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်မှ ကိုဦး(Image Hunter) တို့အား ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ ဦးလှမျိုးသန့်၊ မောင်ထွန်းနောင်၊ ဒေါ်လှစုဖြူတို့ပါဝင်သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စားပြုအဖွဲ့ (နေပြည်တော်)၊ ဒုတိယဆုရ မောင်ပြုံးချို၊ မအေးမြတ်နန္ဒာကျော်၊ မောင်ကျော်မင်းဦးတို့ပါဝင်သော ဇရာဝတီတိုင်း ညောင်တုန်းမြို့နယ်မှ ကျန်းမာဖွံ့ဖြိုးမှုဆိုင်ရာလူငယ့်အကျိုးဆောင်အဖွဲ့၊ တတိယဆုရ မောင်လှမျိုးထွန်း၊ မခိုင်သွယ်ဦး၊ မောင်ပြေချစ်တို့ပါဝင်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စားပြုအဖွဲ့ (မန္တလေးတိုင်း)တို့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်ကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ အလွတ်တန်းတွင် ပထမဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ်မှ မသဇင်စိုးမြင့်၊ ဒုတိယဆုရ ပဲခူးတိုင်း ပဲခူးမြို့ ဥသာမြို့သစ်မှ ဒေါ်ဝင်းဝင်း၊ တတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးရဲထွဋ်အောင် (ပန်းချီ)တို့အား မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်ကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ အဆင့် (၄)တွင် ပထမဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင် အထက (၄)မှ မခိုင်သဇင်ထက်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံတက္ကသိုလ်မှ မောင်ဝင်းမြတ်သူ၊ တတိယဆုရ ရန်ကုန်တိုင်း နည်းပညာ တက္ကသိုလ်မှ မောင်ရဲမြတ်အောင်၊ အဆင့်(၃) တွင် ပထမဆုရ ရန်ကုန်တိုင်း တာမွေ အထက (၅)မှ မောင်စည်သူအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း လသာ အထက (၂)မှ မအေးမြတ်သူ၊ တတိယဆုရ ရန်ကုန်တိုင်း ဒဂုံ အထက (၁)မှ မောင်ထက်နိုင်လင်းတို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်ကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ အဆင့် (၂)တွင် ပထမဆုရ ရန်ကုန်တိုင်း ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ မခိုင်မေသူ၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကမာရွတ် ပညာရေးကောလိပ်လေ့ကျင့်ရေးအထက်တန်းကျောင်းမှ မဖူးသဉ္ဇာခိုင်၊ တတိယဆုရ ရန်ကုန်တိုင်း တာမွေ အထက (၅)မှ မောင်ကောင်းထက်ကျော်၊ အဆင့် (၁)တွင် ပထမဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင်အထက(၆)မှမောင်သီဟသွေး၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံ အထက(၁)မှ မဖခြည်ကိုကိုနိုင်၊ တတိယဆုရ ရန်ကုန်တိုင်း ဒဂုံ အထက (၁)မှ မအေးချမ်းပွင့်ဖြူတို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

### ဆုများချီးမြှင့်

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၌ တက္ကသိုလ်/ကောလိပ် အဆင့်တွင် ပထမဆုရ ရန်ကုန်တိုင်း နိုင်ငံခြားဘာသာ တက္ကသိုလ်မှ မလဲ့ယဉ်ဝင်း၊ဒုတိယဆုရ မကွေးတိုင်း ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ မယမုံဦး၊ တတိယဆုရ တနင်္သာရီတိုင်း မြိတ်တက္ကသိုလ်မှ မဆုလဲ့ဝင်း၊ အထက်တန်းအဆင့်တွင် ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနား အထက(၃)မှ မချစ်စုဟန်နီ၊ ဒုတိယဆုရ ကရင်ပြည်နယ် ဘားအံ အထက (၃)မှ မနန်းသီတာငှ၊ တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်အထက (၇)မှ မယဉ်ယဉ်ထွေး၊ အလယ်တန်းအဆင့်တွင် ပထမဆုရ ပဲခူးတိုင်း ပဲခူး အထက(၃)မှ မရတနာဆုရှင်၊ ဒုတိယ ဆုရ ပဲခူးတိုင်း အုတ်ဖို အထကမှ မဝင်းလဲ့ရွှေရည်၊ တတိယဆုရ ကရင်ပြည်နယ် ဘားအံ အထက(၁)မှ မဆုမြဝေတို့အား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ကိုယ်စားလှယ် Mr. Daniel B. Baker က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရုပ်မြင်သံကြားဓာတ်လမ်းတိုရိုက်ကူးထုတ်လွှင့်ရာတွင် ကူညီခဲ့ကြသော ဓာတ်လမ်း၊ ဇာတ်ဝင်တေးနှင့်စီစဉ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များအား ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြု လက်ဆောင်များကိုလည်းကောင်း၊ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ကူညီပေးသော အစီအစဉ်တင်ဆက်သူ နှစ်ဦးတို့အား လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ငါးပြတိုက်

**ဂျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါ ကျွန်းပေါ်ရှိ ငါးပြတိုက်အတွင်း တစ်နေရာကို ဇူလိုင် ၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# လတ်ဗီးယားနိုင်ငံ သမ္မတအဖြစ် ဇာတလာစ်ကျမ်းကျိန်

ရီဂါ ဇူလိုင် ၁၁

**ဥရောပနိုင်ငံ တစ်နိုင်ငံဖြစ်သော လတ်ဗီးယားနိုင်ငံ၏ သမ္မတသစ်အဖြစ် ဇူလိုင် ၈ ရက်က ကျမ်းကျိန်ခဲ့သော ဗာလ်ဒစ်ဇာတလာစ်က နိုင်ငံအတွင်း စုစည်းညီညွတ်မှု ပိုမိုရရှိရန်နှင့် အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

အသက် ၅၂ နှစ်အရွယ်ရှိပြီး ဆရာဝန်တစ်ဦးဖြစ်သူ ဇာတလာစ်သည် ယခင်က နိုင်ငံရေး အတွေ့အကြုံ မရှိသူဖြစ်သည်။ ၎င်းကိုပြီးခဲ့သည့် မေ ၃၁ ရက်က ကျင်းပသော လတ်ဗီးယားနိုင်ငံလွှတ်တော်အစည်းအဝေး၌ မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

### လွှဲပြောင်းတာဝန်ယူ

လတ်ဗီးယားနိုင်ငံသမ္မတအဖြစ် ရှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ခဲ့သော ဗာရီရာဗီကီဖရီဘာဂါ၏ နေရာအား ဇာတလာစ်က လွှဲပြောင်းတာဝန်ယူလိုက်ခြင်း ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှား ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဂျပန်က ဒေါ်လာ ၁၈ သန်းကျော်လှူဒါန်း

**ဂျကာတာ ဇူလိုင် ၁၁**

အင်ဒိုနီးရှား ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၄ သန်းပေးရန် သဘောတူညီလိုက်ကြောင်း ဂျပန်သံရုံးမှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ဇူလိုင် ၆ ရက်က ယင်းသဘောတူညီချက်ကို ရရှိခဲ့ရာ ဂျပန်နိုင်ငံက အင်ဒိုနီးရှား ကျေးလက်ဒေသ ရေရရှိရေး၊ ရေဒီယိုဖမ်းယူနားဆင်နိုင်ရေးနှင့် ငါးဖမ်းလုပ်ငန်းများတိုးတက်ရေးတို့အတွက် လှူဒါန်းခဲ့သည်။

### ဆက်လက်လှူဒါန်း

ဂျပန်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံအတွက် အကြီးဆုံးအလှူရှင်နိုင်ငံဖြစ်ပြီး ဆက်လက်၍လည်း လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ပါကစ္စတန်၌ မြေပြိုမှုများဖြစ်ပွား ၂၃ဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇူလိုင် ၁၁

**ပါကစ္စတန်အနောက်မြောက် ဖရွန်တီးယားပြည်နယ်တွင် ဇူလိုင် ၇ရက်ညနေခင်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ ၂၃ဦး သေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိခဲ့ကြောင်း အေပီပီသတင်းဌာနက ဇူလိုင် ၈ရက်၌ သတင်းထုတ်ပြန်သည်။**

ယင်းပြည်နယ် ကိုဟစ်စတန်ဒေသ၌ တောင်ပေါ်မှ မြေကြီးများ ပြိုကျမှုကြောင့် အိမ်များစွာ မြေကြီးများအောက်တွင် နစ်မြုပ်သွားခဲ့သည်။

### ပို့ဆောင်

ဒေသခံ ကယ်ဆယ်ရေးတပ်ဖွဲ့များသည် အလောင်း ၂၃လောင်းကို ပြန်လည်ရရှိခဲ့ပြီး ဒဏ်ရာရသူများကို ယင်းဒေသဆေးရုံသို့ ပို့ဆောင်ခဲ့ကြသည်။

### သတင်းထုတ်ပြန်

ပန်ဂျပ်ပြည်နယ် အထက်ပိုင်းဒေသများ၊ အစ္စလာမ္မာဘတ်၊ အနောက်မြောက်ဖရွန်တီးယား ပြည်နယ်နှင့် ကက်ရှ်မီးယားဒေသများ၌ ၂၄နာရီအတွင်းလေပြင်းများနှင့်အတူ မုတ်သုံမိုးသည်းထန်မှုများဖြစ်ပေါ်နိုင်ကြောင်း၊ ဖရွန်တီးယား ပြည်နယ်ရှိ အိန္ဒုမြစ်လက်တက်များတွင် ရေလွှမ်းမိုးမှုမြင့်တက်နိုင်ကြောင်း ပါကစ္စတန်မိုးလေဝသဌာနက ခန့်မှန်းသတင်းထုတ်ပြန်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ဗီယက်နမ်၌ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုတိုးပွား

**ဟန္နိုင်း ဇူလိုင် ၁၁**

ဗီယက်နမ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ ကျယ်ပြန့်လာကြောင်း၊ ယခုနှစ်အတွင်း သေဆုံးသူ ၂၇ဦးအထိရှိလာကြောင်း၊ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အရေအတွက်မှာလည်း တိုးသွားကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ခြင်ကြောင့်ဖြစ်သော အဆိုပါရောဂါမှာ ယခုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံများတွင် ဖြစ်ပွားခဲ့ရာ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူနှင့်ထိုင်းနိုင်ငံများ ပါဝင်ကြောင်း၊ ရာသီဥတုမှာ ပူအိုက်စွတ်စိုပြီး မိုးရွာသွန်းမှုများပြားချိန်တွင် ခြင်များပိုမိုပေါက်ဖွားခဲ့ကြောင်း ၎င်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ပြသလျက်ရှိသည့် ကားပြပွဲတွင် လာရောက်လေ့လာသူများအား ဇူလိုင် ၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွား

**ဘဂ္ဂဒက် ဇူလိုင် ၁၁**

အီရတ်နိုင်ငံတွင် ဇူလိုင် ၆ရက်ကစ၍ ဗုံးအကြီးအကျယ် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ အီရတ်ပြည်သူ ၁၇၉ဦးသေဆုံးပြီး ၂၈၆ဦး ဒဏ်ရာရရှိသွားကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ခဲ့သည်။

### ဖောက်ခွဲတိုက်ခိုက်

တတ်ဇ်ခူအာရ်မာတိုမြို့အနီး အမာလီကျေးရွာ လူစည်ကားရာ ဈေးအပြင်ဘက်တွင် ဇူလိုင် ၇ရက် နံနက်ပိုင်း၌ ဖောက်ခွဲရေးပစ္စည်းများစွာ တင်ဆောင်လာသော ထရပ်စ်ကားဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အရပ်သား ၁၅၆ဦး သေဆုံးခဲ့ပြီး ၂၅၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆာလာဟူဒင် ပြည်နယ် အမေရိကန်-အီရတ်ပူးပေါင်းညှိနှိုင်းရေး ဗဟိုဌာနမှ ပြောကြားသည်။

### ရှာဖွေ

တီကရစ်မြို့ အရှေ့ဘက် ကီလိုမီတာ ၉၀အကွာရှိ ယင်းကျေးရွာတွင် ပေါက်ကွဲမှုကြောင့် ပျောက်ဆုံးနေသည့် လူ ၂၀ကျော်ကို ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများကို ဖယ်ရှားပြီး ရှာဖွေလျက်ရှိကြောင်း ယင်းသတင်းက ဖော်ပြသည်။

### ပျက်စီး

အဆိုပါဗုံးပေါက်ကွဲမှုကြောင့် အိမ်အလုံး ၅၀နှင့် ဆိုင်၂၅ဆိုင် ပျက်စီးသွားပြီး အရပ်သားကားအစီး ၅၀ မီးလောင်သွားခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် သောက်သုံးရေပိုက်လိုင်းများလည်း ပျက်စီးခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# တရုတ်မော်တော်ကားရောင်းချမှုမြင့်တက်

ပေကျင်း ဇူလိုင် ၁၁

**တရုတ်နိုင်ငံ၏ ယခုနှစ်ပထမနှစ်ဝက်အတွင်း မော်တော်ကားရောင်းချရမှု တိုးတက်ခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၂၅ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ၏ မော်တော်ကား ထုတ်လုပ်ရောင်းချရေးအဖွဲ့က ဇူလိုင် ၇ ရက်၌ ပြောကြားသည်။**

တရုတ်တစ်နိုင်ငံလုံး၌ ဇန်နဝါရီလမှ ဇွန်လအထိ ခရီးသည်တင်မော်တော်ကားအစီးရေ ၃ ဒသမ ဝ၈သန်းရောင်းချခဲ့ရာ တိုးတက်မှုမှာ ၂၂ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့သည်။တရုတ်နိုင်ငံ၌ အရောင်းရဆုံး မော်တော်ကား အမျိုးအစားများမှာ ဆန်တာနာ၊ ဂျက်တာ၊ အိတ်ဆဲလ်လီ၊ ကမ်မရီနှင့် ကျူကျူ အမျိုးအစားတို့ ဖြစ်သည်။

### ရောင်းအားကောင်း

အခြားရောင်းအားကောင်းသည့် မော်တော်ကားများမှာ အက်ဖ်အေဒဗလျူ ဖောက်စ်ဝက်ဂွန်၊ ရှန်ဟိုင်းဖောက်စ်ဝက်ဂွန်၊ ချယ်ရီ၊ ဒေါင်ဖန်-နစ်ဆင်နှင့် ဂန်ကျူ့ ဟွန်ဒါမော်တော်ကားများ ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အာဖဂန်၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွား၊ သုံးဦးဒဏ်ရာရ

**မာဇာအီဇာဖီ ဇူလိုင် ၁၁**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း မာဇာအီဇာဖီမြို့၌ ဇူလိုင် ၉ ရက်က စက်ဘီး၌ ချည်နှောင်ထားသော ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အရာရှိတစ်ဦးက ပြောကြားသည်။

### ဒဏ်ရာရ

ဒဏ်ရာရရှိသူများမှ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ ဖြစ်ကြသည်။ အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုမှာ တာလီဘန်တိုက်ခိုက်ရေးသမားများ လက်ချက်ဖြစ်ကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် ဟာရာသီရာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

❒ **ကျော့ဖုံးမှ**

ခြောက်တန်ချောင်း ပိတ်ဆို့ခြင်းလုပ်ငန်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၌ မြစ်မခတာပတ်ခြင်း၊ အင်းမအင်း အောက်ပိုင်း မြစ်မခမြစ်ကွေ့များ ဖြောင့်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်ယန္တရား အသုံးပြုမှုနှင့် စက်သုံးဆီရရှိ အသုံးပြုမှု၊ ရေတော်မိုးတော် မိုးစပါးနှင့် နွေစပါးတိုးချဲ့စိုက်ပျိုးရေးတို့အတွက် စီစဉ်ဆောင်ရွက်နေမှုများ၊ စီမံကိန်းကာလအတွင်း နှစ်အလိုက်၊ ဒေသအလိုက် ဆောင်ရွက်ရန် ပဏာမလျာထားသည့် လုပ်ငန်းများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် တာပတ်ခြင်း၊ ရေနုတ်မြောင်းတူးခြင်းနှင့် ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက ဖော်ထုတ်ရရှိမည့် စိုက်ပျိုးမြေဧကအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

## ညှိနှိုင်းပေါင်းစပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စစ်တောင်းမြစ်ဝှမ်း၊ မလိခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့်စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

စစ်တောင်းမြစ်ဝှမ်း၊ မလိခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ၊ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါက ပဲခူးတိုင်း (အရှေ့ပိုင်း) စစ်တောင်းမြစ်ဝှမ်းနှင့် ဆက်စပ်သောဒေသများ၌ ရေတော်မိုးတော် စပါးစိုက်ပျိုးမြေဧက တစ်သိန်းတစ်သောင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများတွင် ရေတော်မိုးတော် စပါးစိုက်ပျိုးမြေဧကတစ်သောင်းခုနစ်ထောင်တို့ကိုဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

## ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့သို့ ရောက်ရှိကြပြီး မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက ပဲခူးခရိုင်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နွေစပါး၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

## တိုးတက်မှုများရှိနေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းစေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်မှုရှိရေး၊ တိုင်းပြည်၏ စီးပွားရေးကောင်းမွန်ရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်တိုးတက်ရေးအတွက်ကိုလည်း စီမံကိန်းကြီးသုံးရပ်ဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့်ပြင် စိုက်ပျိုးမွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် နှစ်စဉ် စီးပွားရေးစီမံကိန်း ရည်မှန်းချက်များကိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း၊ ရရှိထားသည့် တိုးတက်မှု အရှိန်အဟုန်မပျက်စေရန် နိုင်ငံတော်က ချမှတ်ပေးထားသော စီမံကိန်းများ အောင်မြင်ရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်က သတ်မှတ်ထားသည့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်နှင့် အမယ်သစ်သီးနှံများကို ပြည်တွင်းစားသုံးမှု ဖူလုံသည့်အပြင် ပိုလျှံပြီး ပြည်ပသို့ တင်ပို့နိုင်အောင် စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်စပါး ဖူလုံမှုရှိနေပြီဖြစ်သော်လည်း စားသုံးဆီနှင့် စက်သုံးဆီလိုအပ်ချက်ရှိနေသေးကြောင်း၊ ထို့ကြောင့် စားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် ပဲစိုက်ခင်းများတွင် နေကြာကို သီးညှပ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ ပဲခူးတိုင်းအနေဖြင့် တိုင်းတစ်ခုလုံး စားသုံးဆီဖူလုံစေရန်၂၀၀၇-၂၀၀၈ခုနှစ်တွင် ဆီထွက်သီးနှံ ဧကတစ်သိန်းခွဲ တိုးချဲ့၍ ဧကငါးသိန်းခွဲ စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိရာ ရေ၊ မြေ၊ အခြေအနေကောင်းများ ရရှိထားပြီးဖြစ်၍ တာဝန်ရှိသူများက အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အလားတူပင် စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် ဘိုင်အိုဒီဇယ်ဆီ ထုတ်ယူနိုင်သော ကြက်ဆူ ကြက်ဆူများကိုလည်း တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မစိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာဖြင့် စီမံကိန်းချမှတ်ဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် သတ်မှတ်ချက်ဖြစ်သည့် သုံးနှစ်အတွင်း ဧကငါးသိန်းပြည့်မီရေး အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်၏ လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများသည် မိမိတို့၏ ပင်မတာဝန်အပြင် ခရိုင်၊ မြို့နယ်အလိုက် ဖွဲ့စည်းထားသည့် ဒေသဖွံ့ဖြိုးရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ကွင်းဆင်း၍ စိတ်ရောကိုယ်ပါ အားတက်သရော ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နေပြည်တော်မှ ရန်ကုန်ကားလမ်းတစ်လျှောက် လမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

## အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၁

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ စာချ စာသင် သံဃာတော်အပါး ၆၀၀ ကျော်တို့အား ဇူလိုင် ၂၉ ရက်(ဒုတိယဝါဆိုလပြည့်နေ့)တွင် (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ရာ တစ်ပါးလျှင် သင်္ကန်းဒွိစုံ တစ်စုံစီ ဆက်ကပ် လှူဒါန်းနိုင်ရေး အတွက် ဖုန်း-၆၄၀၀၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်၊ နယ်စပ်/စည်ပင်နှင့် ပြန်ကြားရေးတို့အနိုင်ရ

နေပြည်တော် ဇူလိုင် ၁၁

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။**

### ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း

#### နံနက် ၇ နာရီခွဲပွဲ (ဃ)အုပ်စု

| | |
|---|---|
| ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ရှစ်ဂိုး။ |
| နိုင်ငံခြားရေး | ဂိုးမရှိ။ |

ဒိုင်လူကြီး-ဦးကျော်မင်း(အဖွဲ့ချုပ်)

### ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း

#### ညနေ ၄ နာရီပွဲ (ဃ)အုပ်စု

| | |
|---|---|
| နယ်စပ်/စည်ပင်ဝန်ကြီးဌာန | သုံးဂိုး။ |
| ပြည်ထဲရေးဝန်ကြီးဌာန | နှစ်ဂိုး။ |

ဒိုင်လူကြီး-ဦးမွေးကြိုင်

### လယ်ဝေးမြို့နယ်အားကစားကွင်း

#### ညနေ ၄ နာရီပွဲ (င)အုပ်စု

| | |
|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | လေးဂိုး။ |
| ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | ဂိုးမရှိ။ |

ဒိုင်လူကြီး-ဦးလှဝင်းထွန်း(အဖွဲ့ချုပ်)

ယင်းပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်အားပေး ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

## ယှဉ်ပြိုင်ကစားမည်

ဇူလိုင် ၁၂ရက်နံနက် ၇နာရီခွဲ ပေါင်းလောင်းအားကစားကွင်းတွင် (င)အုပ်စုမှ သာသနာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ညနေ ၄နာရီ ပေါင်းလောင်း အားကစားကွင်းတွင် (စ)အုပ်စုမှ လူမှုဝန်ထမ်းနှင့် အားကစားဝန်ကြီးဌာနတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အလားတူ ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီ လယ်ဝေးမြို့နယ် အားကစားကွင်းတွင် (စ)အုပ်စုမှ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

# NLD ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ ပါတီတွင်ဆက်လက်လုပ်ကိုင်ရန်ဆန္ဒမရှိတော့၍ စစ်ကိုင်းမြို့နယ်မှ ပါတီဝင်သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၁

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များဖြစ်ကြသော ဦးမြဝင်းကြီး၊ ဦးဝင်းနှင့် ဦးမြမောင်တို့သည် ဇူလိုင် ၄ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

## ဆန္ဒမရှိတော့

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့ကြောင်း၊ NLDပါတီတွင် ဆက်လက်လုပ်ကိုင်ရန်ဆန္ဒမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDပါတီမှ နုတ်ထွက်ပါကြောင်း ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## ဝိပဿနာအလုပ်ပေး ခုနစ်ရက်အလိုတော်ပြည့် တရားစခန်း

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်တွင် ၁၃၆၉ခုနှစ် ဒုတိယဝါဆိုပြည့်ကျော် ၈ရက်မှ ၁၄ရက် (ဩဂုတ်၆ရက်မှ ၁၂ ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပသာသနာပြု ဒေါက်တာဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်ကိုယ်တိုင် ဝိပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရား ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသော ယောဂီများသည် ဩဂုတ် ၁ရက် နောက်ဆုံးစာရင်းပေးသွင်းနိုင်ပြီး ဩဂုတ် ၅ရက် ညနေ ၄နာရီအရောက် တရားစခန်းသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်းနှင့် ဂေါပကရုံး ဖုန်း- ၅၄၈၈၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**


## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၀၇ (ကြာသပတေးနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | "အပါယ်လည်းပိတ် နိဗ္ဗာန်လည်းမြင်" တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ) |
| ၇း၅၅ | Yangon Panorama(၂၀၀၇ ခုနှစ် စင်ကာပူ ပညာသင်ဆုဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနား) |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့လျှင်သတိပြုလိုက်နာရမည့်အချက်များ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာဦးနေဝင်း) |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | သွားမယ် စားမယ် (Captain Carlton's Pizza Hub) |
| ၉း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | နည်းပညာစွမ်းဖြင့် အနာဂတ်ဆီသို့တက်လှမ်းခြင်း |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | ပြည်တွင်းအနုပညာရေးရာ |
| ၁၀း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | ဒေသဖွံ့ဖြိုးတိုးတက်စေမည့် "ဒုဋ္ဌဝတီ" |
| ၁၀း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၅ | မြန်မာစာ၊ မြန်မာစကား (၂) |
| ၁၁း၁၅ | သင်ယူလေ့လာဂီတပညာ (နိုင်ဇော်၏ ဂစ်တာသင်ခန်းစာများ) (အပိုင်း-၂)(ဒုတိယပိုင်း) |
| ၁၁း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | အဆင့်မီ ရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | Shopping Guide (North Point) |
| ၁၂း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ | ရှင်သန်ခြင်း (မင်းဟိဏ်း၊ ဆုပန်ထွာ) ဒါရိုက်တာ-အောင်မိုး (Paris) |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကမ္ဘာတစ်လွှား အားကစား

## အာရှဖလား မည်သည့်အသင်း ဆွတ်ခူးမလဲ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဗန်ကောက် ဇူလိုင် ၁၁

**၁၉၅၆ ခုနှစ်က စတင်ကျင်းပခဲ့တဲ့ အာရှဖလားဘောလုံးပြိုင်ပွဲရဲ့ (၁၄)ကြိမ်မြောက်အာရှဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ထိုင်း၊ဗီယက်နမ်၊ မလေးရှားနဲ့ အင်ဒိုနီးရှားတို့က ထူးထူးခြားခြား ပူးတွဲပြီး ကျင်းပနေပြီ ဖြစ်ပါတယ်။**

**(၁၄)ကြိမ်မြောက် အာရှဖလား ဘောလုံးပြိုင်ပွဲအဖြစ် မလေးရှားနှင့် တရုတ်အသင်းတို့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇူလိုင်၁၀ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တရုတ်မှ ဖန်ဟန် (၀) ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

ထိုင်းနိုင်ငံ ရာဇမင်္ဂလာကွင်း၊ ဗီယက်နမ်နိုင်ငံရဲ့ မိုင်ဒင်းကွင်း၊ မလေးရှားနိုင်ငံရဲ့ ဘူကစ်ဂျာလီကွင်းနဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ ဂီလိုရာဘန်ကာနို အားကစားကွင်းတွေမှာ ကျင်းပနေခြင်းဖြစ်ပါတယ်။

(၁၄)ကြိမ်မြောက် အာရှဖလား ဘောလုံးပြိုင်ပွဲမှာ အုပ်စု လေးစုခွဲပြီး ထားရာမှာ အုပ်စု(က)မှာ ဩစတြေးလျ၊ အီရတ်၊ အိုမန်နဲ့ ထိုင်းတို့ပါဝင်ပြီး အုပ်စု (ခ)မှာ ဗီယက်နမ်၊ ဂျပန်၊ ကာတာနဲ့ ယူအေအီးတို့ ပါဝင်ပါတယ်။ အုပ်စု (ဂ)မှာ တရုတ်၊ အီရန်၊ ဥဇဘက်ကစ္စတန် နဲ့ မလေးရှားတို့ ပါဝင်ပြီး အုပ်စု(ဃ) မှာ အင်ဒိုနီးရှား၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယားနဲ့ ဘာရိန်းတို့ ပါဝင်ပါတယ်။ အုပ်စုပွဲစဉ်တွေကို ဇူလိုင် ၇ရက်မှာ စတင်ကစားတဲ့အခါ အုပ်စု (က)ရဲ့ ထိုင်းနဲ့ အီရတ်တို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး ဩစတြေးလျနဲ့ အိုမန်ပွဲလဲ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပါတယ်။

ဇူလိုင် ၈ရက်မှာ ကစားခဲ့တဲ့ အုပ်စု (ခ)ရဲ့ ဗီယက်နမ်နဲ့ ယူအေအီးပွဲမှာ ဗီယက်နမ်ကနှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့သလို ဂျပန်နဲ့ ကာတာအသင်းတို့ပွဲမှာလဲ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ပါတယ်။

### အနိုင်ရ

ဇူလိုင် ၁၀ ရက်မှာ ကစားခဲ့တဲ့ အုပ်စု(ခ)ရဲ့မလေးရှားနဲ့ တရုတ်တို့ပွဲမှာလဲ မလေးရှားမြေပေါ်မှာ တရုတ်တို့က ခြေစွမ်းပြကစားနိုင်ခဲ့လို့ တရုတ်တို့ ငါးဂိုး–တစ်ဂိုးနဲ့ ပွဲဦးထွက် မျက်နှာပန်းလှနိုင်ခဲ့ပါတယ်။ အုပ်စု (ဃ)ရဲ့ အင်ဒိုနီးရှားနဲ့ ဘာရိန်းတို့ပွဲမှာ အင်ဒိုနီးရှားက ဘာရိန်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အဖိုးတန် သုံးမှတ်ကို ရယူနိုင်ခဲ့ပါတယ်။

### ထက်မြက်

ဇူလိုင်၁၀ရက်အထိ အသင်းအလိုက် ခြေစွမ်းကိုကြည့်ရင် ဩစတြေးလျနဲ့ တရုတ်တို့က ခြေစွမ်းပိုထက်မြက်နေတာတွေ့ရပါတယ်။ ဩစတြေးလျမှာ ဗီဒူကာ၊ ကီးဝဲလ်၊ ကာဟေးလ်နဲ့ အီမာတန်တို့ ပါဝင်နေတာမို့ ခြေစွမ်းကတော့ မြင့်မြင့်ဆိုင်ဆိုင်ရှိနေပါတယ်။ ဒီကစားသမားတွေဟာ ဥရောပကလပ်တွေမှာ နာမည်ကြီးနေတဲ့သူတွေမို့ အာရှဖလားပွဲမှာ သူတို့အားကိုးနဲ့ ဩစတြေးလျက အာရှဖလားကို ချိန်နေတာ ဖြစ်ပါတယ်။

### ရေပန်းစား

အုပ်စုလိုက်အနေနဲ့ တစ်ပွဲစီ ကစားပြီးတဲ့အခါအုပ်စုအဆင့်ကနေကျော်လွှားနိုင်တဲ့အသင်းတွေအဖြစ် အုပ်စု(က)မှာ ဩစတြေးလျနဲ့အီရတ်၊ အုပ်စု(ခ)မှာ ဂျပန်နဲ့ဗီယက်နမ်၊ အုပ်စု(ဂ)မှာ တရုတ်နဲ့အီရန်တို့အပြင် အုပ်စု (ဃ)မှာ တောင်ကိုရီးယားနဲ့ဆော်ဒီအသင်းတို့ ရေပန်းစားနေပါတယ်။

### မှတ်တမ်းတင်

အာရှဖလား ဘောလုံး ပြိုင်ပွဲတစ်လျှောက်မှာ ဆုဖလားရရှိခဲ့တဲ့ အောင်မြင်မှု အရဆုံးအသင်းတွေကတော့ တောင်ကိုရီးယားနှစ်ကြိမ်၊ အီရန်သုံးကြိမ်၊ ဆော်ဒီသုံးကြိမ်၊ ဂျပန်သုံးကြိမ်နဲ့ ကူဝိတ်တို့က အာရှဖလားကို တစ်ကြိမ်ရရှိထားဖူးပါတယ်။ အာရှဖလားပွဲ သမိုင်းတစ်လျှောက်မှာ ဂိုးအများဆုံးသွင်းထားတဲ့ သူကတော့ အီရန်ရဲ့ တိုက်စစ်မှူးကြီး အလီဒါယီ ဖြစ်ပြီး အာရှဖလားပွဲ သုံးကြိမ်ဆက်တိုက် ကစားခဲ့သူလဲ ဖြစ်တဲ့အပြင် ဂိုးပေါင်း ၁၄ဂိုး သွင်းထားနိုင်သူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သူ ဖြစ်ပါတယ်။

### ဂိုးအများဆုံး

ဒီ (၁၄)ကြိမ်မြောက် အာရှဖလားဘောလုံး ပြိုင်ပွဲမှာတော့ ဩစတြေးလျ တိုက်စစ်မှူး ဗီဒူကာက ဂိုးအများဆုံးသွင်းယူနိုင်သူအဖြစ် ရေပန်းစားနေပါတယ်။ ဒီအာရှဖလား ဘောလုံးပြိုင်ပွဲမှာ ဩစတြေးလျတို့ ပါဝင်ယှဉ်ပြိုင်ပြီး ဖလားရရှိရေးကြိုးဝါးနေပေမယ့် ပူပြင်းတဲ့ရာသီဥတုဒဏ်ကို ဩစတြေးလျ ဘောလုံးသမားတွေ ခံနိုင်ရည် သိပ်မရှိပါဘူး။

အာရှဖလားဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့ဖူးပြီး အစဉ်အလာ မရှိတဲ့ တရုတ် အသင်းဟာ ဒီနှစ်မှာ နည်းပြ ဇူဂေါင်ဟူရဲ့ ကိုင်တွယ်မှုနဲ့ မလေးရှားကို သူ့မြေပေါ်မှာ ငါးဂိုးသွင်းပြီး အနိုင်ယူပြလိုက်တာကြောင့် ပြိုင်ဘက်အသင်းတွေ အံ့အားသင့်နေတာမို့ အာရှဖလားရယူနိုင်တဲ့ ထိပ်ဆုံးအသင်းထဲမှာ ထည့်သွင်းလိုက်ရပြီဖြစ်ပါတယ်။

လောလောဆယ်မှာတော့ ဇူလိုင် ၁၀ရက်အထိ ကစားပြီးချိန်မှာ အာရှဖလားပြိုင်ပွဲဝင်အသင်းတွေရဲ့ရပ်တည်ချက်ကို ဖော်ပြပေးလိုက်ပါတယ်။

### အာရှဖလား ပြိုင်ပွဲဝင်အသင်းများ အုပ်စုလိုက်ရပ်တည်မှုအနေအထား

*အုပ်စု (က)*

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဩစတြေးလျ | ၁ | – | ၁ | – | ၁ |
| အီရတ် | ၁ | – | ၁ | – | ၁ |
| အိုမန် | ၁ | – | ၁ | – | ၁ |
| ထိုင်း | ၁ | – | ၁ | – | ၁ |

*အုပ်စု (ခ)*

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဗီယက်နမ် | ၁ | ၁ | – | – | ၃ |
| ဂျပန် | ၁ | – | ၁ | – | ၁ |
| ကာတာ | ၁ | – | ၁ | – | ၁ |
| ယူအေအီး | ၁ | – | – | ၁ | – |

*အုပ်စု (ဂ)*

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| တရုတ် | ၁ | ၁ | – | – | ၃ |
| အီရန် | ၀ | – | – | – | – |
| ဥဇဘက်ကစ္စတန် | ၀ | – | – | – | – |
| မလေးရှား | ၁ | – | – | ၁ | – |

*အုပ်စု (ဃ)*

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| အင်ဒိုနီးရှား | ၁ | ၁ | – | – | ၃ |
| ဆော်ဒီ | ၀ | – | – | – | – |
| တောင်ကိုရီးယား | ၀ | – | – | – | – |
| ဘာရိန်း | ၁ | – | – | ၁ | – |

**(ကိုးကား–အင်တာနက်)**

## အေဗျက်ဇ် တောင်ပံကစားသမားအား လီဗာပူးက ခေါ်ယူရန် ဈေးညှိနှိုင်းနေ

**လန်ဒန် ဇူလိုင် ၁၁**

လီဗာပူးအသင်းသည် အသက် ၂၀ရှိ အေဗျက်ဇ် တောင်ပံကစားသမား ရိုင်ယန်ဘာဗယ်အား ပေါင် ၁၃ ဒသမ ၅သန်းပေး၍ ခေါ်ယူသွားမည်ဖြစ်ကြောင်း အေဗျက်ဇ်အသင်းက ပြောကြားလိုက်သည်။

**သဘောမတူ**

အဆိုပါ အသင်းနှစ်သင်းသည် ယင်းကစားသမား ပြောင်းရွှေ့ရေးနှင့် စပ်လျဉ်းပြီး ဆွေးနွေးနေကြောင်း၊ သို့ရာတွင် အလွတ်ပြောင်းရွှေ့ခြင်းကို သဘောတူညီလိမ့်မည် မဟုတ်ကြောင်း အေဗျက်ဇ်အသင်း နည်းစနစ်ပိုင်းဆိုင်ရာ ညွှန်ကြားရေးမှူး မာတင်ဗန်ဂျီးလ်က ပြောကြားသည်။

**ဆန္ဒရှိ**

လီဗာပူးအသင်းသည် ရိုင်ယန်ဘာဗယ် ပြောင်းရွှေ့မှုအတွက် ငွေပုံပေးရန် ဆန္ဒရှိနေကြောင်း၊ မိမိတို့ကလည်း ပေါင် ၁၃ဒသမ၅သန်းလိုချင်ကြောင်း၊ ယင်းဈေးမှာ မိမိတို့ဘက်က ဈေးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လီဗာပူးအသင်းက အဆိုပါ ကစားသမားအား ကနဦးက ပေါင် ၁၀သန်းသာ ဈေးပေးခဲ့သည်ကို အေဗျက်ဇ်အသင်းက ပယ်ချလိုက်သည်။ **(အင်တာနက်)**

**လီဗာပူးက ငွေပုံအော ခေါ်ယူမည့် အေဗျက်ဇ် တောင်ပံကစားသမား ရိုင်ယန်ဘာဗယ်။** (ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ–မြင့်မောင်စိုး

## အင်တာနက် အားကစားသတင်း အတိုအထွာ

✳ ဖူလ်ဟမ်အသင်းက ဝက်စ်ဘရွန်းအသင်းမှ ကာမာရာအား ပေါင်ခြောက်သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်သည်။

✳ **မန်ယူက ခေါ်ယူစာချုပ်လိုက်သော အိုဝင်ဟားဂရေ့ဗ်က ၎င်းအနေဖြင့် မန်ယူသို့ ပြောင်းရွှေ့ကစားခြင်းမှာ ဆုဖလားများစွာ ဆွတ်ခူးရယူရန်ပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

✳ အာဆင်နယ်နောက်တန်းကစားသမား ဝီလျံဂါးလက်စ်က ၎င်းအနေဖြင့် အာဆင်နယ်အသင်းတွင် နောက်လိုက်ကစားသမားဖြစ်နေ၍ နည်းပြ အာစင်ဝင်းဂါးနှင့် ဆွေးနွေးလိုကြောင်း၊ အသင်း၌ နေရသည်မှာ စိတ်ပျော်ရွှင်မှု မရှိကြောင်း ဖွင့်ဟလိုက်သည်။ **(အင်တာနက်)**

## ဝေလအသင်းခေါင်းဆောင် ဘယ်လာမီအား ဝက်စ်ဟမ်းအသင်းက ငါးနှစ်စာချုပ်လိုက်ပြီ

**ဘယ်လာမီအား စာချုပ်အပြီး ဝက်စ်ဟမ်းနည်းပြ ကာဘစ်ရှ်လေနှင့်အတူ တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

**လန်ဒန် ဇူလိုင် ၁၁**

ဝက်စ်ဟမ်းအသင်းက လီဗာပူး တိုက်စစ်မှူး ဘယ်လာမီအား ပေါင် ၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူစာချုပ်မှုမှာ ပြီးစီးသွားပြီဖြစ်သည်။ အသက် ၂၇ နှစ်ရှိ ဝေလအသင်း ခေါင်းဆောင် ဘယ်လာမီသည် အင်န်ဖီးလ်၌ တစ်ရာသီသာ ကစားခဲ့ပြီးနောက် ဝက်စ်ဟမ်းနှင့် ငါးနှစ်စာချုပ်လိုက်ခြင်းဖြစ်သည်။

မိမိအနေဖြင့် ဝက်စ်ဟမ်းအသင်းအား လာမည့်ရာသီတွင် ချန်ပီယံလိဂ်သို့မဟုတ် ယူအီးအက်ဖ်အေနေရာရရှိရေးအတွက်ကြိုးစားကစားသွားမည်ဖြစ်ကြောင်း ဘယ်လာမီက ဝက်စ်ဟမ်းဝက်ဘ်ဆိုက်သို့ ပြောကြားလိုက်သည်။

**ထွက်ခွာခဲ့**

ဘယ်လာမီသည် တိုက်စစ်မှူးသစ်များဖြစ်သည့် ဖာနန်ဒိုတောရက်စ်နှင့် ဗိုရိုနင်တို့အား ခေါ်ယူစာချုပ်ပြီးနောက် လီဗာပူးမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ဘယ်လာမီသည် ယခင်က နော့ဝှစ်၊ ကိုဗင်ထရီ၊ နယူးကာဆယ်နှင့် ဘလက်ဘန်းအသင်းများ၌လည်း ကစားခဲ့သူဖြစ်သည်။

**သွင်းယူခဲ့**

၎င်းသည် ပြီးခဲ့သောရာသီက ဘလက်ဘန်းမှ လီဗာပူးသို့ ပေါင်ခြောက်သန်းဖြင့် ပြောင်းရွှေ့လာရာ လီဗာပူး၌ ပွဲပေါင်း ၄၂ပွဲပါဝင် ကစားပေးခဲ့ပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

● *ကျောဖုံးမှ*

## ပိုမိုမြှင့်တင်ဖော်ဆောင်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးသည် အခြေခံကျသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်မည့် ပြည်သူများအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးကို လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် ချမှတ်ပေးထားကြောင်း၊ကျန်းမာရေးကဏ္ဍမြင့်မားတိုးတက်စေရေးအတွက် အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းကာ ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနေကြောင်း၊ လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကျန်းမာရေး စီမံကိန်းဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။ ရေးအဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားကျန်းမာရေး စီမံကိန်းတွင် ဆေးရုံများ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်း စီမံချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထောင်စုနှစ် ရည်မှန်းချက်များတွင် မိခင်သေနှုန်း၊ ကလေးသေနှုန်းကျဆင်းရေးသည် Indicator တစ်ခုအဖြစ် ပါဝင်ကြောင်း၊ ကလေးများသေဆုံးရခြင်း၏ အဓိကရောဂါများမှာ ARI (နမိုးနီးယား)၊ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ဝက်သက်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပြီး ၎င်းရောဂါများမှာ ကာကွယ်ကုသ၍ရသော ရောဂါများဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်

ယခုကဲ့သို့အချိန်ရာသီတွင်သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများပြားပြီး ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်စေရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသရေးလုပ်ငန်းကော်မတီနှင့် ကာကွယ်ရေး လုပ်ငန်းဆပ်ကော်မတီ၊ ကုသရေးကြီးကြပ်မှုဆပ်ကော်မတီ၊ ကျန်းမာရေးပညာပေးဆပ်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များချမှတ်ကာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

### အခမဲ့ကုသပေး

မိခင်နှင့်ကလေးများအတွက်လိုအပ်သော ဆေးဝါးပစ္စည်းများကို နိုင်ငံတော်အစိုးရကတိုက်ရိုက်ပံ့ပိုးပေးခြင်း၊ စီမံချက်အသီးသီးမှ အထောက်အပံ့ပေးခြင်းများရှိသော်လည်း ဆေးဝါးပစ္စည်းများ လုံလောက်စွာ ရရှိရေးအတွက် ပြည်သူလူထုစွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်မည့်စနစ်တစ်ရပ် ထူထောင်ရန်လည်းလိုအပ်ခြင်းကြောင့်

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်ကလေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးနှင့် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတို့၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသော ကလေးငယ်များအတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံအဝန်း ကျေးလက်ဒေသများပါမကျန် ကျန်းမာရေးစောင့်ရှောက်မှုများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိကြောင်း။

### တိုးတက်ခန့်ထား

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆေးရုံဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ခေတ်မီဆေးရုံသုံး ပစ္စည်းကိရိယာများနှင့် ဆေးဝါးများ ဝယ်ယူဖြည့်တင်းပေးခြင်း၊ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးတက်ခန့်ထားပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေး၊ပြည်သူလူထု၏ ကျန်းမာ ထိရောက်စွာ ကုသမပေးနိုင်လျှင် သေဆုံးမှု များပြားနိုင်သည့်အတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး လိုအပ်သော ဆေးဝါးပစ္စည်းများ မပြတ်လပ်စေရေးနှင့် လူနာညွှန်းပို့ခြင်းစနစ်များ ပိုမိုကောင်းမွန်လာစေရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုတိုးတက်လာပြီး မိသားစုဝင်များအတွင်း ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ တိုးတက်လာစေရေးကို ပိုမိုအားဖြည့် ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း။ ဆေးရုံတိုင်းတွင် ဆေးပဒေသာပင်များ စိုက်ထူပြီး ငွေကြေးမတတ်နိုင်သူများကို အခမဲ့ဆေးဝါးကုသပေးလျက်ရှိကြောင်း။

လိုအပ်သော ဆေးပစ္စည်းကိရိယာများနှင့် အလှူငွေများ ပါဝင်လှူဒါန်းပေးကြသည့် စေတနာရှင်အလှူရှင်များနှင့် အရေးပေါ် လိုအပ်သောသွေးများ လှူဒါန်းပေးသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

### စနစ်တကျသုံးစွဲ

ဆေးရုံများအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးပိုမိုတိုးတက် မြင့်မားလာအောင်ကြိုးစားကြရန်နှင့် ယခုရရှိသောအလှူငွေများကို အကျိုးရှိစွာစနစ်တကျသုံးစွဲသွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒကို အထောက်အကူပြုပြီး ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်နှင့် နိုင်ငံတော်၏ အနာဂတ်သားကောင်းကလေးများ ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေနိုင်ရန်အတွက် အာဏာပိုင်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်သော အခြားဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပြည်သူလူထုနှင့်အတူ ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပြောကြားသွားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ အလှူရှင်များက ကလေးငယ်များအတွက် ဆေးဝါးကုသစရိတ်ရန်ပုံငွေများပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်းကို တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းကလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ၂၀ ကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါကလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ငွေကျပ် သုံးသိန်း၊ ရွှေဂုံတိုင်အထူးကုဆေးခန်းက ငွေကျပ် ၁၅ သိန်း၊ ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီ)-သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း မိသားစုက ငွေကျပ် သိန်း ၂၀၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကမာရွတ်မြို့နယ် စွမ်းထက်(၂၄)နာရီ အထူးကုဆေးခန်းမှ ဦးခွန်ငွေစိုး၊ မိခင်ကြီး အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီအားအမှူးထား၍ သားဒေါက်တာ တင့်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင် (ရွှေပုစွန်မိသားစု)၊ ဦးမျိုးဇော်ထွန်း-ဒေါ်ဝတ်ရည်ထွေး၊ သမီး ကေခိုင်မျိုး(ကေခိုင်ကုမ္ပဏီ)တို့က ငွေကျပ် ၁၀ သိန်းစီ၊UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ခုနစ်သိန်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မဟာမြိုင် အထူးကုဆေးခန်း၊ ပင်လုံဆေးကုခန်း ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် နိုင်ဂရ ဆောက်လုပ်ရေးတို့က ငွေကျပ်ငါးသိန်းစီ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက ငွေကျပ်လေးသိန်းတို့ကိုပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### ဂုဏ်ပြုလွှာပေး

ယင်းနောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)၊ အာရုတော်ဝင်အထူးကုဆေးခန်း၊ ဦးမောင်ကြီး၊ ဦးကံမြင့်(ရတနာရှုခင်းသာဟိုတယ်)၊ ဒေါ်ခင်မြင့်မြင့်(AA Medical Production)၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)၊ ဦးသိန်းအောင် (စက်မှုကုန်ကြမ်းအဖွဲ့၊ ဇော်ဘွားကြီးကုန်း)၊ ဦးစိန်လွင် (ဘုရင့်နောင်တံတား)၊ (သန်လျင်)တို့က ငွေကျပ်သုံးသိန်းစီ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဒေါက်တာစိန်ဝင်း (ယူနိုက်တက်ဆောက်လုပ်ရေး)၊ မြန်မာနိုင်ငံစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ဦးကြီးစိန်-ဒေါ်ခင်မြင့်မြင့် (ရွှေခရကုမ္ပဏီ)၊ ဦးမြင့်ဦး (နေလ သမဝါယမအသင်းလီမိတက်)၊ သန်လျင်မြို့နယ်တည်းခိုခန်းလုပ်ငန်းရှင်များ၊ ဦးကြည်ဝင်း (Feelအလှကုန်လုပ်ငန်း)၊ မြန်မာနိုင်ငံ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ရဲမျက်မှန်၊ အမေရိကန်ဗိုးရှင်းမျက်မှန်၊ ရွှေညော့်သည် မော်တော်ယာဉ်လိုင်းနှင့် ယူနိုက်တက်ဗိုးရှင်းမျက်မှန်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါ်အေးရီ၊ ဦးသီရိ၊ ဦးသန်းတင်(မော်ဘီ)၊ ဦးမောင်ကြည်၊ ဦးသောင်းကြွယ်၊ ဦးအောင်ကျော်မိုး(လှည်းကူး)တို့က ငွေကျပ် ၁၅၀၀၀၀ စီ အပါအဝင် အလှူရှင်များက ငွေကျပ် ၂၃၁၅၇၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းက ကြီးမှူး၍ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးအဆောက်အအုံခန်းမတွင် ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသွင်ကူးပြောင်းရေးစနစ်တွင် ငွေကြေးဖောင်းပွမှုဖြစ်စဉ် Inflation in Transitional Economy ခေါင်းစဉ်ဖြင့် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဦးမြတ်သိန်းက ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## စားသုံးဆီများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

**၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။**

**၂။ ရန်ကုန်မြို့ ဈေးကွက်မှ ဝယ်ယူစိစစ်ခဲ့သော စားသုံးဆီနမူနာများအနက် အောက်ဖော်ပြပါ စားသုံးဆီများသည် အမှတ်တံဆိပ်ဖော်ပြချက်နှင့် ကိုက်ညီမှုမရှိဘဲ စားအုန်းဆီရောနှောထားသဖြင့် စစ်မှန်မှုမရှိပါကြောင်း အသိပေးအပ်ပါသည်။**

| စဉ် | စားသုံးဆီအမျိုးအစားနှင့် အမှတ်တံဆိပ် | ဆိုင်အမည်နှင့်လိပ်စာ |
|---|---|---|
| ၁။ | အောင်အမှတ်တံဆိပ် မြေပဲဆီ | အမှတ်(၆၄)၊(၂၄၆)၊မြေအောက်ထပ်၊သိမ်ကြီးဈေး၊ |
| ၂။ | NOBLE အမှတ်တံဆိပ် မြေပဲဆီ | PAHTAMA HTEIK TAN Production Co-operative Ltd. No. A/68,5th Floor,Bahosi Housing Complex, Lanmadaw Township, Yangon, Myanmar. |
| ၃။ | လနဂါးအမှတ်တံဆိပ် မြေပဲဆီ | မကွေးပဲဆီသန့်/နှမ်းဆီသန့် ဆိုင်အမှတ်(၁၆၃)(ဘီ)ဘလောက်၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး(ဒီ)ရုံ၊ |
| ၄။ | အမှတ်တံဆိပ်ဖော်ပြမထားပါ မြေပဲဆီ | ချမ်းမြေ့ဆီဆိုင် (ညောင်ပင်လေးဈေး) |
| ၅။ | အမှတ်တံဆိပ်ဖော်ပြမထားပါ မြေပဲဆီ | ဥသြမင်းဆီဆိုင် (ညောင်ပင်လေးဈေး) |
| ၆။ | အမှတ်တံဆိပ်ဖော်ပြမထားပါ မြေပဲဆီ | အမှတ် (၁၄)၊ လမ်းမတော်မြို့နယ်ရှိဆီဆိုင် |
| ၇။ | အောင်အမှတ်တံဆိပ်နှမ်းဆီ | အမှတ်(၆၄)၊ (၂၄၆)၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး၊ |
| ၈။ | လနဂါးအမှတ်တံဆိပ်နှမ်းဆီ | မကွေးပဲဆီသန့်/နှမ်းဆီသန့် ဆိုင်အမှတ်(၁၆၃)(ဘီ)ဘလောက်၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး(ဒီ)ရုံ၊ |
| ၉။ | အမှတ်တံဆိပ်ဖော်ပြမထားပါ နှမ်းဆီ | ချမ်းမြေ့ဆီဆိုင်(ညောင်ပင်လေးဈေး) |

**၃။ စားသုံးဆီများတွင် အမှတ်တံဆိပ်၊ အမည်၊ ဆီအမျိုးအစား၊ အခြားပါဝင်ပစ္စည်းများ၊ ထုပ်ပိုးမှုပမာဏ၊ ထုတ်လုပ်သူအမည်နှင့်လိပ်စာ၊ ထုတ်လုပ်ရက်စွဲအမှတ်အသားတို့ကို ဖော်ပြရန်လိုပါကြောင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ရန်နိုင်စိုးဦး၏ P.P နံပါတ်-၉၃၉၉၆၁ မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၂၄၃၀၅၅။

KMD Since 1986 Computer Centre
သင်တန်းအပ်လက်ခံနေပါပြီ။ [Duration 60 Hours]
Paper Based မှ Computer Based သို့ ပြောင်းနေကြပြီမို့ ကွန်ပျူတာသုံးစာရင်းကိုင်ပညာကိုတတ်ထားကြပါစို့။
LCCI Computerised Accounting (MYOB)
စာရင်းအင်းများအား ကွန်ပျူတာအသုံးပြု လုပ်တတ်စေရန် သင်ကြားပေးသော သင်တန်းဖြစ်ပါသည်။ Sample Assignment များပြုလုပ်ပြီး သင်ကြားချိန် နာရီပြည့် ကွန်ပျူတာတစ်လုံးနှုန်းဖြင့် သင်ကြားရပါမည်။ LCCI (UK) ၏စာမေးပွဲအားဖြေဆိုအောင်မြင်ပါက နိုင်ငံတကာအသိအမှတ်ပြု Certificate ကိုရရှိပါမည်။
(နံ့ချုပ်) ☎ ၂၄၉၁၅၅/၃၈၀၇၇၆/၃၈၁၁၂၉
(ဆိပ်ကမ်းသာ) ☎ ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၁၈၅၅
(မြေနီကုန်း) ☎ ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃
(သိမ်ကြီးဈေး) ☎ ၃၈၄၂၆၈/၃၈၄၆၄၁
(လှည်းတန်း) ☎ ၅၂၄၄၀၀/၅၀၅၃၉၉
(တာမွေ) ☎ ၅၄၁၃၂၈/၅၄၆၆၀၀

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်းဆင်းပွဲ ကျောက်ပန်းတောင်း၌ကျင်းပ

ကျောက်ပန်းတောင်း ဇွန် ၁၆

**ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံတစ်လသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၈နာရီခွဲက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။**

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မေဖြိုးသွယ်နှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်အကြူနှင့် လက်ထောက် ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် သင်တန်းသား ကျောင်းသူကျောင်းသားများ၊ အနုပညာအခြေခံဥက္ကဋ္ဌ ဦးသန်းထိုက်နှင့် နည်းပြအနုပညာရှင်များ တက်ရောက်ကြသည်။

**အားပေး**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းဌေးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသား ကျောင်းသူ ကျောင်းသားလေးများ၏ ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် သင်တန်းနည်းပြ အနုပညာရှင်များအား မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျိုက်ထို၌ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရေဒီယို၊ စာအုပ်မျိုးစုံနှင့် အလှူငွေများပေးအပ်လှူဒါန်း

ကျိုက်ထို ဇွန် ၂၂

**ကျိုက်ထိုမြို့နယ် ကျွန်းတောကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၉ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။**

ရှေးဦးစွာ ကျွန်းတောကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**လှူဒါန်း**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ရေဒီယိုတစ်လုံးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနက စာအုပ်၊ စာစောင် ၁၅အုပ်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဂျာနယ် ၁၅စောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စာအုပ်၊ စာစောင် ၁၅အုပ်၊ ဦးမောင်–ဒေါ်ညိုစန်းမိသားစုက သုတ၊ ရသစာအုပ် ၂၅အုပ်နှင့် ကျေးရွာရှိအလှူရှင်များက အလှူငွေကျပ်သုံးသောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

**မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၁၅ ရက်က မြို့အဝင်မုခ်ဦး ပန်းခြံသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်မှုကို ခရိုင်တာဝန်ခံ ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးကိုက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

# မြင်းကကုန်း ပညာအလင်းစာကြည့်တိုက်သို့ ငွေပဒေသာပင် စုပေါင်းစိုက်ထူ လှူဒါန်း

*ဘိုကလေး ဇူလိုင် ၅*

*ဘိုကလေး မြို့နယ် မြင်းကကုန်း ပညာအလင်း စာကြည့်တိုက်ကို ရန်ကုန်မြို့နေ စေတနာရှင် ဦးကံလှ–ဒေါ်ပို မိသားစုတို့က ဆောက်လုပ်လှူဒါန်းပြီး ယင်းစာကြည့်တိုက်အတွက် အလှူရှင်၁၂ဦးတို့က စုပေါင်းလှူဒါန်းငွေကျပ် ၁၁သိန်းသုံးသောင်း ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲကို ဇွန်၁၇ရက်က ပညာအလင်း စာကြည့်တိုက်တွင် ကျင်းပရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလေးချိုထံသို့ အလှူရှင်များကိုယ်စား ဘိုကလေးမြို့မှ ဗဟိုတရားရုံးရှေ့နေ ဦးစိန်ဝင်းက ပေးအပ် လှူဒါန်းသည်။* *(ဝဲပုံ)*

*ယင်းအခမ်းအနားသို့ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်စောနှင့် ကျေးရွာလူမှုရေးအဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများနှင့် စာကြည့်တိုက် ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။* *(မြို့နယ် ပြန်/ဆက်)*

# မြို့နယ်သတင်းများ

**ကြို့ပင်ကောက် မြို့နယ်အတွင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေ့အဖြစ် ပန်းတင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းတွင် ဇွန် ၉ရက်က ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ဦးကျော်မြင့်နှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်အေးအေးသင်းနှင့် အဖွဲ့ဝင်များ၊ ပန်းတင်ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ ပါဝင်ကူညီဆောင်ရွက်ကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

**ကဝမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ချို့တဲ့ ကျောင်းသူ ကျောင်း သား များအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန်၂၅ ရက်က ကဝမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်က ချို့တဲ့ ကျောင်းသူ ကျောင်းသားများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။** (၂၄ဝ)

# မတည်ရင်းနှီးငွေထုတ်ပေးရေး ဆွေးနွေး အဆိုပြုလွှာနှင့် ရင်ထိုးတံဆိပ်များပေးအပ်

**ပြင်ဦးလွင် ဇူလိုင် ၆**

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့တို့သည် ဇွန်၁၇ ရက်က ပြင်ဦးလွင်မြို့နယ် ဖာသင်းကျေးရွာ ခင်ခေါင်းလေးကျေးရွာအုပ်စုတို့ကို ကွင်းဆင်းပြီး အသင်း၏လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

**ပေးအပ်**

လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်၊ အတွင်းရေးမှူးဒေါက်တာ နန်းညွန့်ညွန့်အေးနှင့်အဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့်အဖွဲ့သည် ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးရွာတိုင်း စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ရေး၊ အသင်းဝင်များ အသေးစားလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မတည်ရင်းနှီးငွေ ထုတ်ပေးနိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ပြီး အသင်းဝင်များအား အဆိုပြုလွှာနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၂၈ဝ)**

# ကိုယ်ပိုင်စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျောက်ဆည်မြို့၌ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၅**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ရေရှည်လုပ်ငန်းစဉ်ပါ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် မြစ်သားမြို့နယ်ရုံးမှ ရပ်/သံကျွမ်းကျင်(၃) ဦးဌေးလှိုင်တို့သည် ဇွန် ၉ရက်နှင့် ၁၀ရက်များက မြစ်သားမြို့နယ် ဒိုင်းကျေးရွာအုပ်စုအတွင်းရှိ နတ်လွဲ(အရှေ့)၊ နတ်လွဲ(အနောက်)၊ ဒိုင်း၊ မြနဒီကျေးရွာများသို့လည်းကောင်း၊ ရွာခိုင်ကြီးအုပ်စုအတွင်းရှိ ကျေးရွာများသို့လည်းကောင်း ကွင်းဆင်းကာ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကိုယ်ပိုင်စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရေးနှင့် စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၆) ပိတောက်လမ်းသွယ် (၂)လမ်း (၄) ရပ်ကွက်နေ ဦးအောင်ဝင်း-ဒေါ်ကျင်မြိုင်၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်သုန္ဒရ(မဇ္ဈိမဒေသ) တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ရွှေလီရေအား လျှပ်စစ်ဓာတ်အားခွဲရုံ ပန္နက်ရိုက်ပွဲကျင်းပ

နမ့်လန် ဇူလိုင် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်၌ ကိုယ့်အားကိုယ်ကိုး ရွှေလီရေအားလျှပ်စစ်ဓာတ်အား ၃၃/၁၁ကေဗွီ ၃ MVA ဓာတ်အားခွဲရုံ ပန္နက်ရိုက် မင်္ဂလာအခမ်းအနားကို ဇွန် ၁၄ရက် နံနက် ၆နာရီက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဌာနဝင်းအတွင်း၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ဟိန်း၊ စခန်းမှူးရဲအုပ်သိန်းထွန်း၊ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆာထွန်းနှင့်အဖွဲ့ဝင်များ၊ လျှပ်စစ်တာဝန်ခံ ဦးငွေဓါခိန်း၊ ဌာနဆိုင်ရာများ၊ နမ့်လန်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းကျော်လှိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ထို့နောက် ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို သီပေါမြို့နယ် သံဃနာယကအဖွဲ့ဝင် နမ့်လန်ကျေးရွာဒက္ခိဏာရာမ (တောင်ကျောင်း)စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဥတ္တမသာရက ငါးပါးသီလချီးမြှင့်ပေး၍ ရေစက်သွန်းချအမျှပေးဝေပြီး ပြည်နယ်သံဃာ့ဝန်ဆောင် နမ့်လန်ကျေးရွာသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဥတ္တရာရာမ(မူလကျောင်းကြီး) စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ သစ္စာနန္ဒနှင့် သီပေါမြို့နယ် သံဃနာယကအဖွဲ့ဝင် နမ့်လန်ကျေးရွာ သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဇ္ဈိမာရာမ(အလယ်ကျောင်း) စာသင်တိုက် ဆရာတော်ဘဒ္ဒန္တ ဉာဏောဘာသ အစရှိသည့် ဆရာတော်များက ဦးဆောင်ပန္နက်ရိုက်ပေးသည်။(ယာပုံ)

## မီးလင်းမည်

အဆိုပါ နမ့်လန်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ရွှေလီရေအားလျှပ် စစ်ဓာတ်အား ၃၃/၁၁ကေဗွီ ၃ MVA ဓာတ်အားခွဲရုံသည် သီပေါမြို့နှင့် ၃၈မိုင် အကွာအဝေးတွင်ရှိပြီး လုပ်ငန်းပဏာမစီမံချက်အရ ကျေးရွာတွင် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ကြိုးသွယ်တန်းခြင်းများအတွက် စုစုပေါင်းခန့်မှန်း ကုန်ကျငွေကျပ်သိန်းလေးထောင်ခန့် ကုန်ကျမည်ဖြစ်ပြီး စီမံကိန်းပြီးဆုံးပါက နမ့်လန်ကျေးရွာကို ဗဟိုပြု၍ ၁၁ရပ်ကွက်နှင့် ကျေးရွာငါးရွာတို့တွင် ၂၄နာရီ မီးလင်းမည်ဟု သိရသည်။ (ပြန်/ဆက်)

# တောင်ကြီးမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဗိုလ်လု

တောင်ကြီး ဇူလိုင် ၅

**၂၀၀၇ခုနှစ် တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၈ရက် ညနေ ၃နာရီက တောင်ကြီးမြို့ပြည်နယ် အားကစားပြိုင်ကွင်း၌ ကျင်းပသည်။**

နောက်ဆုံး ဗိုလ်လုပွဲအဖြစ် အေးသာယာရပ်ကွက် ၁၂ စက်မှုဇုန် ဘောလုံးအသင်းနှင့် ဘုရားဖြူရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အေးသာယာရပ်ကွက် ၁၂ ဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယ အသင်းလိုက် တစ်ဦးချင်းဆုတံဆိပ်၊ အသင်းလိုက် ပထမဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုငွေကျပ်တစ်သိန်းခွဲ အထိမ်းအမှတ်အလံ၊ နေရာအလိုက် အကောင်းဆုံးဆုငွေကျပ်တစ်သောင်းခွဲစီကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ အေးသာယာ ၁၂ စက်မှုဇုန် ဘောလုံးအသင်းအား တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာက ဆင့်ပွားဖလားနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)** **(မြို့နယ် အား/ကာ)**

# မြို့နယ်သတင်းများ

**ကျောက်တန်းမြို့ စိမ်းလန်းစိုပြည်လှပရေးအတွက် ဇွန် ၂၉ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကွင်းဆင်း၍ ဆင်ကန်လမ်းမကြီး ဘေးဝဲယာ တစ်လျှောက် ကျောက်ခက်ပန်းပင်များ စိုက်ပျိုးရာသို့ အမှုဆောင်အရာရှိ ဦးဖြူညွန့်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ကွင်းဆင်းကြပ်မတ်စဉ်။** (မြို့နယ်စည်ပင်)

# ကံမမြို့၌ အမျိုးသားကာကွယ်ဆေး တိုက်ကျွေး

ကံမ ဇွန် ၁၆

***ကံမမြို့နယ်တွင် အမျိုးသားကာကွယ်ဆေး တိုက်ကျွေးခြင်း ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၉ရက်က ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။***

***အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ဆန်းလွင်ဦးနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။***

***အခမ်းအနားအပြီးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာ ဆန်းလွင်ဦးတို့က အမျိုးသားကာကွယ်ဆေးစတင်တိုက်ကျွေးကြောင်း သိရသည်။***(အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

# မြစ်ကြီးနားမြို့၌ စာဖတ်ပြိုင်ပွဲကျင်းပ

မြစ်ကြီးနား ဇူလိုင် ၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စာဖတ်ပြိုင်ပွဲ အခမ်းအနားကို ဇွန် ၂၁ရက် မွန်းလွဲ ၁နာရီက မြစ်ကြီးနားမြို့ ပမ္မတီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ ပထမဆုရ မလွင်လွင်အောင်အား ပမ္မတီးကျေးရွာ ဥက္ကဋ္ဌဦးခင်မောင်ကျော်ကလည်းကောင်း၊ ဒုတိယဆုရ မအေက်စတာအား ပမ္မတီးကျေးရွာအခြေခံပညာအလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်မြိုင်ကလည်းကောင်း၊ တတိယဆုရ မောင်သက်ပိုင်စိုးအား မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စိုးစိုးထွန်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။**(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# ပန်းချီ၊ ကာတွန်းပြိုင်ပွဲ ဆုချီးမြှင့်

ခန္တီး ဇူလိုင် ၄

ခန္တီးမြို့တွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ရက်က အထက ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူးက အဖွင့်အမှာစကားပြောကြားပြီး ဆုရပြိုင်ပွဲဝင် ၂၂ဦးအား ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

**ရွှေတောင်မြို့နယ်တွင် ဒေသထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့ စေရေးအတွက် ကျေးလက်လမ်း တံတားများ ကြံ့ခိုင်ရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်က ရွှေတောင်-ရွှေနတ်တောင် ကျေးလက် လမ်းပေါ်ရှိ မယားမာန် တံတားနှင့် ရွှေနတ်တောင် ညောင်စာရေးလမ်းပေါ်ရှိ အောင်သိန်းတံတားကြံ့ခိုင်ရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

## ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ (Euro)၊မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tenders) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

တင်ဒါအမှတ် -12(T)6 to 16/MR(ML)2007-2008
-14(T)1/MR(S&T)2007-2008
-၂၄/ မမ/ ပြည်တွင်း/ Dog Spike(CE)2007-2008

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါပိတ်ရက် | ဝယ်ယူမည့်ငွေ |
|---|---|---|---|---|
| i. | CAT Engine 3508 B Complete | 3 Sets | 23/8/07 | Euro |
| ii. | Steel Plates, Pipes & Angles | 27 Items | 23/8/07 | Euro |
| iii. | Special Size Steel Plates & I Beams | 5 Items | 23/8/07 | Euro |
| iv. | Locomotive Equipments; Alternators, Traction Motors, Compressors, Bogies , Electrical Panels & Cables, etc. | 47 Items | 23/8/07 | Euro |
| v. | 40 Ton Over Head Travelling Crane | 2 Sets | 24/8/07 | Euro |
| vi. | Diesel Hydraulic Locomotive Spares; (Roller Bearing, Ball, Transmission & Electric) | 22 Items | 24/8/07 | Euro |
| vii. | Diesel Electric Locomotive Spares; (Engine, Pneumatic, Cooling, Flexible Cables) | 19 Items | 24/8/07 | Euro |
| viii. | Diesel Hydraulic Locomotive Spares (DD 51); Transmission,Engine, Bogie, Cooling, Auxiliary and Electric) | 7 Items | 24/8/07 | Euro |
| ix. | Locomotive Traction Motor Roller Bearings, Reversers & Switches | 18 Items | 9/8/07 | Euro/Kyat |
| x. | SACM Engine Cylinder Liner | 60 Nos | 9/8/07 | Kyat |
| xi. | Magneto Telephone, GI Wire | 2 Items | 9/8/07 | Kyat |
| xii. | ဓလီဖားရိုက်သံမှို (Dog Spike) | 1500000 Nos | 24/7/07 | Kyat |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၉.၇.၂၀၀၇) ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း -01-291982,291985,291988( 201555-လိုင်းခွဲ-601,602,605,612 )



## အငယ်တန်းသတင်းထောက်များ အလိုရှိသည်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း **The New Light Of Myanmar** သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၃၉၀၀၀-၁၀၀၀-၄၄၀၀၀) ရာထူး (၁၀) နေရာအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။
၂။ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။
၃။ နေ့ညမရွေး တာဝန်ထမ်းဆောင်နိုင်သူ အမျိုးသားဖြစ်ရမည်။
၄။ အင်္ဂလိပ်စာအခြေခံကျွမ်းကျင်မှုရှိပြီး အင်္ဂလိပ်စာကိုအထူးဝါသနာပါသူ ဖြစ်ရမည်။
၅။ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူတင်ပြရမည်။
၆။ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ တင်ပြရမည်။
၇။ သက်ဆိုင်ရာမြို့နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။
၈။ လျှောက်ထားသူများအား အရည်အချင်းစစ်ဆေးမည်။စစ်ဆေးမည့်ရက်ကို သတင်းစာများတွင်ကြေညာမည်။
၉။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် စာရွက်စာတမ်းများပူးတွဲလျက် စာတည်းမှူးချုပ်၊ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်အမှတ်-၂၂/၃၂၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့သို့ ၁၅-၈-၂၀၀၇ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**



## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းလက်အောက်ရှိ ဖိနပ်စက်ရုံ (ကျောက်ဆည်)တွင် ၂၀၀၇-၂၀၀၈ ခုနှစ် ဒုတိယသုံးလပတ်အတွင်း ရော်ဘာခြေညှပ်ဖိနပ်များထုတ်လုပ်ရန် အောက်ဖော်ပြပါ ပစ္စည်း ၁၄ မျိုးအား မြန်မာကျပ်ငွေ၊ အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | EVA | Kg | 18000 |
| (ခ) | L.D.P.E | Kg | 15000 |
| (ဂ) | PCC (Heavy) | Kg | 30000 |
| (ဃ) | AC Blowint Agent | Kg | 1700 |
| (င) | Stearic Acit | Kg | 800 |
| (စ) | Zinc Oxide | Kg | 1600 |
| (ဆ) | DCP | Kg | 700 |
| (ဇ) | $TiO_2$ | Kg | 700 |
| (ဈ) | Colour (ပြာ၊ စိမ်း၊ နီ၊ ဝါ) | Kg | 1625 |
| (ည) | Sulphur | Kg | 150 |
| (ဋ) | MBT | Kg | 150 |
| (ဌ) | Antisunwax | Kg | 100 |
| (ဍ) | Silicon | Kg | 200 |
| (ဎ) | Antioxident | Kg | 300 |

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၇-၂၀၀၇ ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်-၀၁-၅၆၀၆၈၇ နှင့် ၀၆၇-၄၀၈၃၄၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။**



**မြေညီထပ်**
**တိုက်ခန်းသစ်ရောင်းမည်**
ဗဟန်းလမ်းမတန်း၊ ၁၅ပေ×ပေ၅၀ ရေမီးစုံ၊ ဈေးဆိုင်ဖွင့်ရန်ကောင်း၊
**အထူးလျှော့ဈေးနှုန်းဖြင့်**
ဦးရာလူရမည်။
**ဖုန်း- ၅၅၈၃၇၅၊ ၅၄၅၃၉၅၊ ၀၉-၅၁-၅၉၁၃၄၊ ၀၉-၉၉-၂၄၃၆၃။**



## နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

**ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၁၀၊ ၂၉၁၄၅၄**

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀/

(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)



**ကျေးဇူးဆပ်ပါမည်**
ကျွန်မ ရှားဝမ်ဂင်းဇီ၏ နိုင်ငံကူး လက်မှတ် အမှတ်-၈၁၈၈၀၉ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၄၁၆၉၅။**



**ဦးရာလူရမည်**
လက်ရှိ အသုံးပြုလျက်ရှိသော 60KVA( Soundproof) မီးစက် တစ်လုံးအမြန်ရောင်းလိုသည်။
**ဆက်သွယ်ရန် ဖုန်း-၆၅၃၂၆၁။**


**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်မြသွေး**
**အသက်(၈၇)နှစ်**

ညောင်လေးပင်မြို့ ဒေါက်တာဦးမောင်မောင်အောင်ကျော်(တိုင်းဦးမှူး၊ တိုင်း ကျန်းမာ/မကွေး)ဒေါ်မေမြင့်ထွန်းတို့၏ မိခင်ကြီး ဒေါ်မြသွေးအသက်(၈၇)နှစ်သည် ၈-၇-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**တိုင်းကျန်းမာရေးဦးစီးဌာနခွဲ ဝန်ထမ်းများ။**


MCC
Since 1986
☎ ၂၄၅၅၅၈၊ ၂၄၅၅၅၆၂

**ရန်ကုန်မြို့ နှင့် အနယ်နယ် အရပ်ရပ်တွင် MCC Computer သင်တန်းကျောင်းခွဲ ဖွင့်လှစ်လိုသူများ အမြန်ဆက်သွယ်ပါ။**

Special Discount for Franchise Programme on July (11 - 17) '2007

**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်ဖွန် ၁၀ရက်က ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော အဖွဲ့ပိုင်ရုံးရှေ့မြေယာရှုခင်းအလှကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## ကေတုမတီငါးနှင့် ကြက်မွေးမြူရေးကုန်ထုတ်သမဝါယမအသင်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**တောင်ငူ ဇူလိုင် ၁၀**

တောင်ငူမြို့နယ် ကေတုမတီငါးနှင့် ကြက်မွေးမြူရေးကုန်ထုတ်သမဝါယမ အသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင်၇ရက် နံနက်၉နာရီက ကန်ရိုးကျေးရွာရှိ အသင်းတည်ရှိရာနေရာ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောဝင်စတန်ဂါးက အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးစောဝမ်းဒါးဖိုးလ်စောနှင့် အဖွဲ့ဝင်များ၊ အသင်းသူ အသင်းသားများ တက်ရောက်ကြပြီး အသင်းဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာ၊ နှစ်ချုပ်စစ်ဆေးချက် အစီရင်ခံစာများ၊ စီးပွားရေးလုပ်ငန်းများ၊ အသင်းသက်သာချောင်ချိရေးလုပ်ငန်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသင်းမိသားစုဝင်များက ထူးချွန်စွာအောင်မြင်သူ ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး အသင်းသားများက အသင်းဆိုင်ရာလုပ်ငန်းများ ဆွေးနွေးအကြံပြုကြသည်။ **(က-ပ)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီး အိန္ဒိယတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်တို့က ပြည်ထောင်စုမြန်မာ နိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့်အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ တပ်မတော် Eastern Command (Kolkata) မှ General Officer Commanding-in-Chief, Lieutenant General, K.S Jamwal AVSM.VSM နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား ယမန်နေ့ည ၇ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင် ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**

**ညစာစားပွဲတက်ရောက်**

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦး၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ စစ်သံမှူး Col. Manoj Mukund Naravane တို့ တက်ရောက်ကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၆*** ■

# စိုက်ပျိုးရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး နှစ်စဉ်စီးပွားရေး စီမံကိန်းရည်မှန်းချက်များ ချမှတ်ဖော်ဆောင်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပဲခူးတိုင်း တောင်ငူမြို့သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိပြီး ထိုမှတစ်ဆင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညောင်လေးပင်မြို့နယ်ရှိ ဆည်မြောင်း ဦးစီးဌာန ရိပ်သာသို့ရောက်ရှိရာ ပဲခူးတိုင်းဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမြင့်က စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ် ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၌ စစ်တောင်းတာနှင့် မုက္ခမူချောင်းတာပတ်ခြင်းလုပ်ငန်း၊ ရဲနွယ်ချောင်းနှင့် လိန်ပင်ချောင်းတူးဖော်ခြင်း၊ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ❐

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရပ်မိ ရပ်ဖများအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**ဇူလိုင် ၁၁ ရက် ပြိုင်ပွဲရလဒ်**

| | | |
|---|---|---|
| ဘဏ္ဍာ/အခွန် | ၈ - ၀ | နိုင်ငံခြားရေး |
| နယ်စပ်/စည်ပင် | ၃ - ၂ | ပြည်ထဲရေး |
| ပြန်ကြားရေး | ၄ - ၀ | ဟိုတယ်/ခရီး |

**ယနေ့ကစားမည့်ပွဲစဉ်**

| နေ့ရက်/အချိန် | အုပ်စု | ယှဉ်ပြိုင်မည့်ဝန်ကြီးဌာနအသင်း |
|---|---|---|
| ၁၂-၇-၂၀၀၇ နံနက် ၇း၃၀ နာရီ | (င) | သာသနာရေးနှင့် ကာကွယ်ရေး (ပေါင်းလောင်းအားကစားကွင်း) |
| ၁၂-၇-၂၀၀၇ ညနေ ၄ နာရီ | (စ) | လူမှုဝန်ထမ်းနှင့် အားကစား (ပေါင်းလောင်းအားကစားကွင်း) |
| ၁၂-၇-၂၀၀၇ ညနေ ၄ နာရီ | (စ) | ကျန်းမာရေးနှင့် ရှေ့နေချုပ်ရုံး (လယ်ဝေးအားကစားကွင်း) |

**ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့်အုပ်စုပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။** (သတင်းစဉ်)

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ ဆေးရုံတိုင်း၌ ဆေးပဒေသာပင်များ စိုက်ထူပြီး ငွေကြေးမတတ်နိုင်သူများ အခမဲ့ကုသပေး

**ရန်ကုန် ဇူလိုင် ၁၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာကုဌာန၌ ကျင်းပသည့် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်ကလေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတို့၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသော ကလေးငယ် များအတွက် ဆေးဝါးကုသစရိတ်ရန်ပုံငွေ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ ဆေးရုံ အုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၁၃ ကော်လံ ၁*** ●

12-7 (20) 1 7/11/07, 2:01 PM